# ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ တနင်္လာနေ့၊ (27-2-2006) (၄၈၈၄)


**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကြည့်ရှုစစ်ဆေး**

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# စက်မှုဇုန်၏ဆောင်ရွက်မှုများ ယခင်ကထက် တိုးတက်မှုရှိလာ အပ်နှံပစ္စည်းများ အရည်အသွေးကောင်းမွန်ရေး စနစ်တကျဆောင်ရွက် စက်အရန်ပစ္စည်း အမည်စုံထုတ်လုပ်သွားရေး တီထွင်ကြံဆကြိုးပမ်း





ရန်ကုန် ဖေဖော်ဝါရီ ၂၆

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၂၄ရက်တွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မဟာနွယ်စဉ် အားကစားကွင်း၌ ကျင်းပသည့် (၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်သို့ ရောက်ရှိပြီး အရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးကာ အားနည်းချက်၊ အားသာချက်များနှင့် စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို မှာကြားသည်။**

**စတင်ဖွင့်လှစ်ခဲ့**

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အမှတ်(၁)စက်မှုဝန်ကြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

# ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒဂုံတက္ကသိုလ် ဘူတာရုံသစ် တည်ဆောက်ရေးလုပ်ငန်းစစ်ဆေး

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒဂုံတက္ကသိုလ် ဘူတာရုံသစ် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (ရထား)

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ ဒဂုံတက္ကသိုလ်ဘူတာရုံသစ် တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေက ဘူတာရုံသစ် တည်ဆောက်ပြီးစီးမှု၊ တိုးကြောင်လေးမှ ဒဂုံတက္ကသိုလ်ဘူတာရုံသစ်အထိ ရထားလမ်း ဖောက်လုပ်ပြီးစီးမှု၊ ရထားပြေးဆွဲမည့် အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။**

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။ ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဘူတာရုံသစ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် ခြံစည်းရိုး ကြက်ဆူပင်များ ပျိုးထောင်ထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များကို မှာကြားခဲ့သည်။

(သတင်းစဉ်)



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၇-၂-၂၀၀၆
(တနင်္လာနေ့)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပေါင်းစည်းညီညွတ်မှုဖြင့် နိုင်ငံတော်ကိုတည်ဆောက် အဖျက်သမား အန္တရာယ် အစဉ်သတိပြုတိုက်ဖျက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် မရှိမဖြစ်သည့် လိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပင် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းခဲ့သည်။ တစ်ချိန်တည်းတွင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး လူမှုစီးပွားရေးဘဝ ဟန်ချက်ညီညီ တိုးတက်မြင့်မားစေရေး လုပ်ငန်းများကို အလေးထား စီမံဖြည့်ဆည်းပေးနေသည်။

ယခုအခါ နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများတွင် တည်ငြိမ်အေးချမ်းသာယာမှုနှင့် လုံခြုံမှုများ လွှမ်းခြုံလျက်ရှိသည်။ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအကြား အပြန်အလှန် နားလည်စာနာမှု၊ ရိုင်းပင်းကူညီဖေးမမှုနှင့် ယုံကြည်အားထားမှုသဘောထားများရှိကြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှု လုပ်ငန်းများတွင် ညီညီညွတ်ညွတ် ပါဝင်လက်တွဲကြိုးပမ်းနေကြပြီဖြစ်သည်။

သာဓကအားဖြင့် နယ်စပ်ဒေသများသည် လွန်ခဲ့သော နှစ်အတန်ကြာက လက်နက်ကိုင် သောင်းကျန်းမှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံခဲ့ကြရသည်။ ဒေသခံပြည်သူများမှာ တည်ငြိမ်အေးချမ်းမှု မရှိခဲ့သည့်ကာလက အနိဋ္ဌာရုံများစွာနှင့် ကြုံတွေ့ခဲ့ကြရသည်။

ယနေ့ကာလတွင် နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှု၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် လက်တွဲကြိုးပမ်းတည်ဆောက်လျက်ရှိရာ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများ၌ တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံလျက်ရှိသည်။ လမ်းများ၊ တံတားများ၊ လေယာဉ်ကွင်းများ၊ ဆည်တမံများနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာ တိုးတက်ဖြစ်ထွန်းစည်ပင်နေပြီဖြစ်သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ယင်းကဲ့သို့ အေးချမ်းတည်ငြိမ်မှုများနှင့်အတူ ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဆက်လက်တိုးပွားလာစေရန် ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။ နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မိမိတို့ သားစဉ်မြေးဆက်တိုင်အောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

မျက်မှောက်နိုင်ငံတကာ၏ အခြေအနေနှင့် ယှဉ်ကြည့်လျှင် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကမ္ဘာ့နိုင်ငံများအကြား ခနအင်အား၊ နည်းပညာနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကွာဟမှုများကြောင့် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားနစ်နာဆုံးရှုံးမှု မရှိစေရန် ကိုယ့်အားကိုယ်ကိုး အားထုတ်ကြိုးပမ်းနေကြရသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့အပြင် ပြည်ပနိုင်ငံအချို့၏ ထောက်ပံ့အားပေးမှုဖြင့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားအချို့ကလည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ တိုင်းရင်းသားပြည်သူများ အကျိုးစီးပွား ထိခိုက်ဆုံးရှုံးစေရန်နှင့် ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန် ကောလာဟလသတင်းများ ထုတ်လွှင့်ခြင်းအပါအဝင် အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက်လျက်ရှိကြသည်။

ယင်းကဲ့သို့သော အခြေအနေအချိန်အခါမျိုးတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် သူတစ်ပါးက သွေးခွဲသပ်လျှို ပြောကြားမှုများကို နားမယောင်ကြရန် လိုအပ်သည်။ သူတစ်ပါးသြဇာလောင်းရိပ်ကင်းရှင်းစွာဖြင့် မိမိနိုင်ငံနှင့် မိမိလူမျိုး နိုင်ငံတကာအလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ရေးအတွက် အင်ပြည့်အားပြည့် ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်အလာကြီးမားသော ပေါင်းစည်းညီညွတ်မှုစွမ်းပကားဖြင့် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းရင်း ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို မျက်ခြည်မပြတ် အစဉ်သတိပြုတားဆီးတိုက်ဖျက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

# (၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

## တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)-ဒေါ်တင်နွဲ့အေး(အငြိမ်းစား ကထိက)မိသားစုက အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀)တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် ဆေးဝယ်ယူရန် ငွေကျပ်သုံးသိန်းကို ဖေဖော်ဝါရီ ၁၉ရက်က တပ်မှူး ဗိုလ်မှူးချုပ် မြင့်မောင်ထံ ပေးအပ်စဉ်။ (၆၄)



# သုတအလင်းစာကြည့်တိုက်ဖွင့်လှစ်၊ စာအုပ်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**မအူပင်မြို့နယ် သုံးခွအုပ်စု ပန်းပဲစုကျေးရွာ၏ သုတအလင်းစာကြည့်တိုက် ဖွင့်ပွဲနှင့် စာအုပ်များလှူဒါန်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်က ပန်းပဲစု(အမက)တွင်ကျင်းပရာ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်နေ ဦးဇော်မြင့် (စာရေးဆရာ တက္ကသိုလ်ဘုန်းမောင်)၊ ဒေါ်စိန်မြိုင် (စာရေးဆရာမ စောသန္တာထွန်း)တို့ လှူဒါန်းသော တန်ဖိုး ကျပ် ၆၅၀၀၀ခန့်ရှိ သုတရသစာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်း ၂၅၀ နှင့် ဒဂုံမြို့နယ် မင်းမနိုင်နေ ကိုကျော်မြင့်ဦး၊ မဆွေဇင်ဦးတို့ လှူဒါန်းသော တန်ဖိုး ကျပ် ၃၀၀၀၀ခန့်ရှိ စာအုပ်၊ ဂျာနယ် ၁၆၉အုပ်ကို အလှူရှင်များကိုယ်စား စာရေးဆရာမ စောသန္တာထွန်းက ပေးအပ်ရာ သုံးခွကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုးမြင့် လက်ခံသည်။**

ဆက်လက်၍ ဗဟန်းမြို့နယ် တက္ကသိုလ် ရိပ်မွန်အိမ်ရာရှိ Inforithm-Maze Co.,Ltd. မှ Myanmar People မဂ္ဂဇင်း၊ Internet ဂျာနယ် တန်ဖိုး ကျပ် ၃၆၀၀၀ ခန့်ရှိသော စာအုပ်ဂျာနယ် ၅၄အုပ်ကို ကုမ္ပဏီကိုယ်စား မစောသဥ္ဇာထိုက်က လည်းကောင်း၊ ဦးဇော်မြင့်၊ ဒေါ်စိန်မြိုင် မိသားစုက လှူဒါန်းသော ဆရာတော် ဦးဃောသိတ၏ ပဋ္ဌိစ္စသမုပ္ပါဒ်တရား ဗွီစီဒီ ၁၄ချပ်နှင့် သာရေးနာရေး ဇရပ် ဆောက်လုပ်ရန်အတွက် မတည် အလှူငွေ ကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြစိန်က ကျေးဇူးတင်စကားပြောကြားသည်။




မအူပင်မြို့နယ် သုံးခွကျေးရွာအုပ်စု ပန်းပဲစုကျေးရွာ သုတအလင်းစာကြည့်တိုက်အတွက် စာရေးဆရာမ စောသန္တာထွန်းက စာအုပ်များကို သုံးခွကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုးမြင့်သို့ ပေးအပ်စဉ်။ (ပြန်/ဆက်)

### ပေးအပ်လှူဒါန်း

အခမ်းအနားအပြီးတွင် ပန်းပဲစု (အမက) ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသား ၁၀၈ဦးအား ဦးဇော်မြင့်၊ ဒေါ်စိန်မြိုင်မိသားစု၊ မစိုးစိုးအေး၊ မစောသဥ္ဇာထိုက်တို့က ဗလာစာအုပ်၊ ခဲတံ၊ ပေတံများ လှူဒါန်းကြပြီး ဂလုံးကျေးရွာ (အမက) ကျောင်းအုပ်ကြီးသို့ ချို့တဲ့ကျောင်းသားများအတွက်လည်း ဗလာစာအုပ်၊ ခဲတံများ ပေးအပ်လှူဒါန်းကြသည်။ (ပြန်/ဆက်)

## အရှင်ဇဝန(ပဲခူး) ဓမ္မသဘင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ဆရာတော် အရှင်ဇဝန နယ်လှည့်ဓမ္မကထိက (ပဲခူး)သည် မတ် ၂ရက်နှင့် ၃ရက်တွင် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် မှော်တောအရှေ့ကျောင်း ဦးသီရိန္ဒ၏ ဝိဇ္ဇာတမင်္ဂလာ ဓမ္မသဘင်၌လည်းကောင်း၊ မတ် ၄ရက်နှင့် ၅ရက်တွင် ရေကျော်ရွာ ဓမ္မသဘင်၌လည်းကောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)





တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်အတွင်း၌ ဆောက်လုပ်လှူဒါန်းသော အနန္တဂုဏ်ရည်ဆယ်ပါးနေ နှစ်ထပ်ကျောင်းဆောင်သစ် ကျောင်းလွှတ်ပူဇော်မင်္ဂလာနှင့် သိက္ခာထပ်တင်မင်္ဂလာအခမ်းအနားတွင် တက်ရောက်လာကြသူများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

# အနန္တဂုဏ်ရည်ဆယ်ပါးနေ နှစ်ထပ်ကျောင်းဆောင်သစ် ကျောင်းလွှတ်ပူဇော်မင်္ဂလာနှင့် သိက္ခာထပ်တင်မင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်အတွင်းရှိ အနန္တဂုဏ်ရည်ဆယ်ပါးနေ နှစ်ထပ်ကျောင်းဆောင်သစ် ကျောင်းလွှတ်ပူဇော်မင်္ဂလာနှင့် တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ပဓာနနာယက ရေစကြိုဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသအား သိက္ခာထပ်တင်မင်္ဂလာကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းရှိ အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။**

အခမ်းအနားသို့ ရေစကြိုဆရာတော်နှင့် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ အလှူရှင် မိသားစုများနှင့် ဧည့်ပရိသတ်တို့ တက်ရောက် ကြည်ညိုကြသည်။

**လောင်းလှူ**

ရှေးဦးစွာ ရေစကြိုဆရာတော်အား သိက္ခာထပ်တင်မင်္ဂလာ ကျင်းပပြီး ဆရာတော်နှင့် သံဃာတော် ၂၅ပါးတို့အား သိမ်ဆင်းလောင်းလှူကြသည်။

ထို့နောက် အနန္တဂုဏ်ရည်ဆယ်ပါးနေ နှစ်ထပ်ကျောင်းဆောင် ကမ္ပည်းကျောက်စာကို ရေစကြိုဆရာတော်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးတော်မူပြီး ကမ္ပည်းကျောက်စာကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ရေစကြိုဆရာတော်ထံမှ တရားတော်များနာယူကြပြီး ထေရဝါဒ ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဦးတင်စိန်-ဒေါ်ကျင်သိန်းတို့၏ ရွှေရတုမင်္ဂလာအထိမ်းအမှတ် ထာဝရပဒေသာပင် ငွေကျပ်သိန်း၁၀၀၀ တန်ဖိုးရှိ ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာများကို လှူဒါန်းခြင်းနှင့် နှစ်ဖက်မိဘများအား အမျှထား၍ အလှူရှင် ဦးညီညီကျော်-ဒေါ်လွင်နှင်းနှင်းမိသားစု (နှင်းဝန်းကုမ္ပဏီလီမိတက်)တို့ ဆောက်လုပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၅၅၀ တန်ဖိုးရှိ အနန္တဂုဏ်ရည် ဆယ်ပါးနေ နှစ်ထပ်ကျောင်းဆောင်သစ်ကို လှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



## နှစ်ထပ်ကျောင်းဆောင်သစ်

**တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်အတွင်း၌ ဆောက်လုပ်လှူဒါန်းသော အနန္တဂုဏ်ရည်ဆယ်ပါးနေ နှစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။** (သတင်းစဉ်)

# ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အကြို သန့်ရှင်းရေးပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အကြို အထူးသန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၅ရက် နံနက်က သဃ်န်းကျွန်းမြို့နယ် (ဃ)ရပ်ကွက်၌ ကျင်းပရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေး ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သော အဖွဲ့သည် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း လူနေအိမ်များ၌ ရေကန်၊ ရေစည်၊ ရေအိုးများ၊ ပန်းအိုးများကို လိုက်လံကြည့်ရှု၍ ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

**(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

(၅၀၆)

# အထက(၅) တောင်ငူ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

အထက(၅) တောင်ငူ (ယခင် ပကူးကျောင်း)၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၂ရက်တွင် ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများတက်ရောက်ရန်နှင့် လှူဒါန်းလိုပါက တောင်ငူမြို့တွင် နော်အယ်ထူး ဖုန်း-၀၅၄-၂၃၅၀၊ ဒေါ်ဂဲစတား ဖုန်း-၀၅၄-၂၄၂၀၄၊ ဦးကျော်ညွန့် ဖုန်း-၀၅၄-၂၃၂၇၄နှင့် အထက(၅) ဖုန်း-၀၅၄-၂၃၁၀၇သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် နော်ကက်သရင်းဂျွန် ဖုန်း-၀၁-၂၂၃၀၁၅ နှင့် စောဒေးဗစ် ဖုန်း-၀၉-၅၁၂၃၅၅၄ များတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)



**သန်လျင်မြို့ နန်းဦးအောင်ဇမ္ဗူအေးကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တ နာရဒ၏ ဝိဇာတမင်္ဂလာအလှူနှင့် ကျောင်းဆောက်လုပ်ရန် ဆရာမကြီး ဒေါ်အေးအေးခန့်၊ သား မောင်အောင်နိုင်ဦး၊ မောင်မင်းမင်း၊ သမီး မအေးမြခိုင် မိသားစုက ဖေဖော်ဝါရီ ၁၉ရက်တွင် ငွေကျပ် ၁၀သိန်း ဆက်ကပ်လှူဒါန်းစဉ်။** (၅၂၇)

# အောင်စကြာမိုးကုတ်ရိပ်သာ ၁၀ရက် တရားစခန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

သာကေတမြို့နယ် (၇)ရပ်ကွက် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ မတ် ၄ရက်မှ ၁၃ရက်ထိ ၁၀ရက်တရားစခန်း ကျင်းပမည်ဖြစ်သည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် အောင်စကြာအရှင်စန္ဒသိရီ(ဓမ္မာစရိယ) က သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဟောကြားပြသမည် ဖြစ်ပြီး တစ်ဦးတည်း ဆွမ်းအလှူရှင် အဖြစ် ဦးလှမင်းထွန်း-ဒေါ်ဌေးဌေးလွင် မိသားစုက လှူဒါန်းမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် မတ် ၃ရက် အရောက်လာရောက်ကြရန်နှင့် ရိပ်သာ ဖုန်း-၅၄၇၀၂၈ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)




နဝမအကြိမ် unicef

**အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်**

**၂၇-၂-၂၀၀၆ မှ ၅-၃-၂၀၀၆**

**တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့**

**ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက**

# သီရိလင်္ကာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် ဆောက်လုပ်မည်

ကိုလံဘို ဖေဖော်ဝါရီ ၂၅

**သီရိလင်္ကာတောင်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုကို လာမည့်ဧပြီလတွင် စတင်ဆောက်လုပ်နိုင်ရေးအတွက် ရွှေ့ပြောင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် သီရိလင်္ကာသမ္မတ မဟိန္ဒာရာဂျာပတ်ဆေးက သက်ဆိုင်ရာတာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း ဖေဖော်ဝါရီ ၂၄ ရက်ထုတ် ဒေးလီးနယူးစ်သတင်းစာက ဖော်ပြသည်။**

ထိုလေဆိပ်ကို နိုင်ငံတောင်ပိုင်း ဟမ်ဘန်တိုတာအရပ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။ တောင်ပိုင်းဒေသများ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဌာနများနှင့်ဆွေးနွေးရာ၌ သမ္မတက အထက်ပါအတိုင်း ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

လေဆိပ်ဆောက်လုပ်ရန်မြေများရယူရေး၊ ရွှေ့ပြောင်းလုပ်ငန်းများ ဆောက်လုပ်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြသည်ဟုဆိုသည်။

နိုင်ငံတောင်ပိုင်းဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှု အစီစဉ်အရ ဆောင်ရွက်ရမည့် စီမံကိန်းများတွင် ဟမ်ဘန်တိုတာဆိပ်ကမ်း ဆောက်လုပ်ရေး၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်ဆောက်လုပ်ရေးနှင့် တောင်ပိုင်းဒေသ အမြန်လမ်းမ တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။ ဟမ်ဘန်တိုတာအရပ်သည် ကိုလံဘိုမြို့တော် တောင်ဘက် ကီလို မီတာ ၂၈၀ အကွာတွင် တည်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ။**



**အိန္ဒိယနိုင်ငံ ဘာရိုဒါမြို့ရှိ အဏုဇီဝဗေဒနှင့် ဇီဝနည်းပညာ ဗဟိုဌာနရှိသုတေသနလုပ်ငန်းခွင် တစ်နေရာကို ဖေဖော်ဝါရီ ၂၅ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဆော်ဒီအာရေဗျရှိ ရေနံချက်စက်ရုံ တိုက်ခိုက်ခံရ

**အက်ကွိတ်(ဆော်ဒီအာရေဗျ) ဖေဖော်ဝါရီ ၂၅**

ဆော်ဒီအာရေဗျနိုင်ငံ အက်ကွိတ်ဒေသရှိ ရေနံချက်စက်ရုံကို ဗုံးဖောက်ခွဲသူများက သောကြာနေ့တွင် စီးနင်းတိုက်ခိုက်ရန် ကြိုးပမ်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြသည်။

သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်မှုပမာဏ ထိခိုက်မှုမရှိဟု ဆော်ဒီအာရေဗျဝန်ကြီး အယ်လ်-နိုင်မီက ပြောကြားသည်။ သေနတ်သမားများက အနောက်အုပ်စုလိုလားသည့် ဆော်ဒီဘုရင်ကို ၂၀၀၃ ခုနှစ်က ရာထူးမှဖယ်ရှားရန် တိုက်ခိုက်ပြီးခဲ့သည့်နောက် ဆော်ဒီရေနံချက်စက်ရုံကို တိုက်ရိုက်ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် ပထမအကြိမ်ဖြစ်သည်။

**တိုက်ခိုက်**

ယင်းတိုက်ခိုက်မှုကို လက်နက်ကိုင်နှစ်ဦးက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းအုပ်စုက အင်တာနက်မှ ကြေညာသည်။

ဆော်ဒီလုံခြုံရေး တပ်ဖွဲ့ဝင်များက အဆိုပါ ရေနံချက်ရုံအတွင်း သေနတ်သမားများကို ပိုက်စိပ် တိုက်ရှာဖွေနေကြကြောင်း၊ လုံခြုံရေး အခြေအနေမှာ တည်ငြိမ်မှုမရှိသေးကြောင်း အစောင့်တစ်ဦးက ပြောကြားသည်။

**ပစ်ခတ်**

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဂိတ်ဝမှနေ၍ ရေနံချက်စက်ရုံအပြင်ဘက်ရှိ မော်တော်ယာဉ်သုံးစီးကို သေနတ်များဖြင့် ပစ်ခတ်ခဲ့သည်ဟု ဆော်ဒီလုံခြုံရေးအကြံပေးတစ်ဦးက ပြောကြားသည်။

**သေဆုံး**

မော်တော်ယာဉ်တစ်စီးက သေနတ်သမားများကို တင်ဆောင်ခဲ့ပြီး အခြားယာဉ်နှစ်စီးက ပေါက်ကွဲစေသည့် ခဲယမ်းမီးကျောက်များကို တင်ဆောင်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ သေနတ်သမားအားလုံးသေဆုံးကြသည်ဟု ဆိုသည်။ သေနတ်သမားလေးဦးနှင့် လုံခြုံရေးအရာရှိ နှစ်ဦးသေဆုံးပြီး အခြားအရာရှိနှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ။**



**ဆော်ဒီအာရေဗျနိုင်ငံ အက်ကွိတ် ရေနံချက်စက်ရုံကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*




# ရီယိုဒီဂျနေးရိုးပြတိုက်မှ ကမ္ဘာကျော်ပန်းချီကားများ အခိုးခံရ

**ရီယိုဒီဂျနေးရိုး (ဘရာဇီး) ဖေဖော်ဝါရီ ၂၅**

သေနတ်သမားလေးဦးက ပီကာဆိုနှင့် မိုးနေးတို့ ရေးဆွဲသည့် ပန်းချီကားများ အပါအဝင် နာမည်ကျော်ပန်းချီကားအများအပြားကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ ပြတိုက်မှ သောကြာနေ့တွင် ခိုးယူခဲ့ပြီး ပွဲတော်အခမ်းအနား ဆင်နွှဲနေသူ လူအုပ်ကြီးအတွင်း ဝင်ရောက်ကာ ကိုယ်ယောင်ဖျောက်ခဲ့ကြသည်။

**ပါဝင်**

အခိုးခံရသည့် ပန်းချီကားများတွင် ပက်ဘလိုပီကာဆို ရေးဆွဲသည့် "ဒန့်စ်"၊ ကလောဒီမိုးနေး ရေးဆွဲသည့် "မရိန်း"၊ ဟင်နရီမာတစ်ဆေး ရေးဆွဲသည့် "လူဇင်ဘတ်ဂါးဒင်း"နှင့် ဆာဗေနီဒါလီရေးဆွဲသည့် "ထူးဘယ်ကော်နီစ်" ပန်းချီကားများ ပါဝင်ကြောင်း ရီယိုဒီဂျနေးရိုးမြို့လယ်ရှိ ချက်ကာရာဒိုစီယူ ပြတိုက်မှ တာဝန်ရှိသူများက ပြောကြားသည်။

လက်ပစ်ဗုံးများ ကိုင်ဆောင်ထားသည်ဟု ယူဆရသည့် အဆိုပါ လူဆိုးများက အစောင့်များကို အဆောက်အအုံတွင်းရှိ စောင့်ကြည့်ရေး ကင်မရာကို ပိတ်ခိုင်းခဲ့သည်။

**ကိုယ်ယောင်ဖျောက်**

သေနတ်သမားများက ပြတိုက်အနီးတွင် ပွဲတော် ဆင်နွှဲနေသည့် လူအုပ်ကြီးကို အခွင့်ကောင်းယူကာ လူအုပ်အတွင်း ကိုယ်ယောင် ဖျောက်သွားခဲ့ကြသည်ဟု ပြတိုက် ညွှန်ကြားရေးမှူး ဗာရာဒီအလင်ကားက ပြောကြားသည်။

သို့ရာတွင် ပြတိုက်မှ တာဝန်ရှိသူပုဂ္ဂိုလ်များက ပန်းချီကားမည်ရွေ့မည်မျှ အခိုးခံရပြီး တန်ဖိုးငွေ မည်မျှဆုံးရှုံးသည်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

**အမ်အင်အေ၊ရိုက်တာ။**



**ဂါဇာကမ်းမြောင်ဒေသ ရာဖာမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ စွမ်းရည် ပြသနေသည်ကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ ဘတ်စ်ကားတစ်စီး တောင်ကြားထဲသို့ ထိုးကျ

**ပေကျင်း ဖေဖော်ဝါရီ ၂၅**

ဘတ်စ်ကားတစ်စီးသည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တောင်ထူထပ်ရာနေရာရှိ တောင်ကြားထဲသို့ သောကြာနေ့က ထိုးကျသွားခဲ့သဖြင့် လူ ၂၅ ဦးသေဆုံးပြီး ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်မီဒီယာသတင်းဌာနက ပြောကြားသည်။

**မီတာ ၃၀ နက်**

အဆိုပါ ဘတ်စ်ယာဉ်သည် လမ်းပေါ်မှ မီတာ ၃၀ အနက်ရှိ တောင်ကြားအတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်သည် ကွေကျိုပြည်နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ သို့ရာတွင် အသေးစိတ်သတင်းကို ဖော်ပြခြင်းမရှိပေ။ တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝန်းတွင် လမ်းမတော်တဆဖြစ်မှုကြောင့် သေဆုံးမှုအများဆုံးဖြစ်ပွားသည့် နိုင်ငံဖြစ်ပြီး လွန်ခဲ့သည့်နှစ်အတွင်း လူတစ်သိန်းအထိ သေဆုံးခဲ့သည်။

**ဝင်တိုက်**

နိုဝင်ဘာလအတွင်းကလည်း ကုန်တင်ထရပ်ယာဉ်တစ်စီးသည် လူအုပ်အတွင်းသို့ ဝင်တိုက်မှုကြောင့် လူ ၂၀ ထက်မနည်း သေဆုံးခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ။**



**မြေဆီလွှာကို ထိန်းသိမ်းရာတွင် အသုံးပြုမည့် အုန်းဆံကြိုးပိုက်ကွန်များ ရက်လုပ်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့ရှိ အုန်းခြံတစ်ခြံတွင် အုန်းဆံကြိုး ကျစ်နေသော အလုပ်သမတစ်ဦးကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# တောင်ကိုရီးယားသမ္မတ နိုမူဟွန်း အာဖရိကသုံးနိုင်ငံသို့ သွားမည်

**ဆိုးလ်   ဖေဖော်ဝါရီ   ၂၅**

တောင်ကိုရီးယားသမ္မတ နိုမူဟွန်းသည် အာဖရိကတိုက်ရှိ အရင်းအမြစ်ကြွယ်ဝသော နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်နိုင်ရန် ရည်ရွယ်လျက် မတ် ၆ ရက်မှ ၁၄ ရက်အထိ အာဖရိကနိုင်ငံ သုံးနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သမ္မတရုံးတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

သမ္မတ နိုမူဟွန်းသည် မတ် ၆ ရက်မှ ၉ ရက်အထိ အီဂျစ်အာရပ်သမ္မတနိုင်ငံသို့လည်းကောင်း၊ မတ် ၉ ရက်မှ ၁၁ ရက်အထိ နိုင်ဂျီးရီးယား ဖက်ဒရယ်သမ္မတနိုင်ငံသို့ လည်းကောင်း၊ မတ် ၁၁ ရက်မှ ၁၃ ရက်အထိ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ လည်းကောင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်ပြီး ထိပ်သီးဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ သမ္မတနိုမူဟွန်းသည် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီတွင် သမ္မတရာထူးတာဝန်ကို စတင်ထမ်းဆောင်ချိန်နောက်ပိုင်း အာဖရိကနိုင်ငံများသို့ သွားရောက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း မြေပြိုမှုဖြစ်ပွားရာနေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရဟတ်ယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ဖိလစ်ပိုင်ကျေးရွာ မြေပြိုမှု ကယ်ဆယ်ရေးလုပ်ငန်း အဆုံးသတ်ပြီ

**မနီလာ ဖေဖော်ဝါရီ ၂၅**

ဖိလစ်ပိုင်နိုင်ငံရှိ ကျေးရွာတစ်ရွာတွင် မြေပြိုမှုဖြစ်ပွားပြီး ပိတ်မိနေသူများအား ရှာဖွေသည့် ကယ်ဆယ်ရေးလုပ်ငန်းကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း၊ မြေအောက်သို့ ရောက်ရှိသွားသူ လူပေါင်း ၁၀၀၀ ခန့်အား အသက်ရှင်လျက်သား ရှာဖွေတွေ့ရှိရန် မျှော်လင့်ချက် ကုန်ဆုံးပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၁၇ ရက်က တောင်စောင်းဒေသတွင် မြေပြိုမှုဖြစ်ပွားပြီးနောက် သေဆုံးနေသော လူပေါင်း ၁၃၉ ဦး၏ ရုပ်အလောင်းများကို တွေ့ရှိကြောင်း တောင်ပိုင်း လိတ်ပြည်နယ် အုပ်ချုပ်ရေးမှူး ရိုးဆက်လာရီးယပ်စက်က ပြောကြားသည်။

မနီလာမြို့ အရှေ့တောင်ဘက် မိုင် ၄၂၀ အကွာရှိ ကျေးရွာတွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ၌ ယခုအချိန်အထိ လူပေါင်း ၉၇၃ ဦး ပျောက်ဆုံးလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# လေကြောင်းသဘောတူညီချက် ချိုးဖောက်ခြင်းကြောင့် အမေရိကန်ခရီးစဉ်များ ဗင်နီဇွဲလား ကန့်သတ်

**ကာရာကတ်စ်(ဗင်နီဇွဲလား)   ဖေဖော်ဝါရီ   ၂၅**

အမေရိကန်အာဏာပိုင်များသည် လေကြောင်းပျံသန်းရေးဆိုင်ရာ သဘောတူညီချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့သည်ဟု ဗင်နီဇွဲလားက ပြောကြားပြီးနောက် ဗင်နီဇွဲလားအစိုးရက အမေရိကန်မှ ဒယ်လ်တာ လေကြောင်း၊ ကွန်တီနင်တယ်လ်လေကြောင်းနှင့် အမေရိကန် လေကြောင်းဌာနတို့၏ ပျံသန်းမှု အစီအစဉ်များအပေါ် ကန့်သတ်မှုများ ပြုလုပ်နေကြောင်း လေကြောင်းဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမေရိကန်အစိုးရနှင့် ဗင်နီဇွဲလား အစိုးရတို့က သံတမန်များ အပြန်အလှန် နှင်ထုတ်မှုများ ပေါ်ပေါက်ပြီးခဲ့သည့်နောက် နှစ်နိုင်ငံ၏ ဆက်ဆံရေး အခြေအနေ တင်းမာလာခဲ့ပြီး ဖော်ပြပါအတိုင်း အမေရိကန်လေကြောင်းဌာန၏ ပျံသန်းမှုများကို လျှော့ချလိုက်ခြင်း ဖြစ်သည်။

အမေရိကန်လေကြောင်းဌာနအချို့အတွက် ခရီးသည်နှင့် ကုန်ပစ္စည်း တင်ဆောင်မှုကို မတ်လ ၁ ရက်မှ စတင် လျှော့ချတော့မည်ဟု ဗင်နီဇွဲလား အိုင်အင်အေစီလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ယင်းအာဏာပိုင်အဖွဲ့က အမေရိကန် လေကြောင်းဌာနအမည်ကို ဖော်ပြခြင်းမရှိပေ။ သို့ရာတွင် ဒယ်လ်တာ၊ အမေရိကန်နှင့် ကွန်တီနင်တယ်လ် လေကြောင်းလိုင်းမှ ပျံသန်းမှုအစီအစဉ်ဖျက်သိမ်းရန် စီစဉ်ထားခြင်းဖြစ်သည်ဟု ဗင်နီဇွဲလား လေကြောင်းအဖွဲ့ဥက္ကဋ္ဌဖြစ်သူ ရောဘတ်တိုပူလီဒိုက ပြောကြားသည်။

အမေရိကန်လေကြောင်းဌာနမှ ကိုယ်စားလှယ်များသည် ဗင်နီဇွဲလား အာဏာပိုင်များနှင့် သောကြာနေ့နှောင်းပိုင်းတွင် တွေ့ဆုံကာ လေကြောင်းပျံသန်းမှု ကန့်သတ်မှုကြောင့် နစ်နာထိခိုက်မှုနှင့် စီစဉ်ဆောင်ရွက်မှုများကို ဆွေးနွေးကြမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

**အမေရိကန်နိုင်ငံ ဖီးနစ်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးမြူထားသော လူဝံမကြီးသည် ဇန်နဝါရီ ၂၇ ရက်က ပထမဆုံးအကြိမ် သားပေါက်ခဲ့သည်။ ဖီးနစ်တိရစ္ဆာန်ဥယျာဉ်တွင် အူရန်ဂူတန် လူဝံ သားပေါက်ခြင်းသည် ၁၁ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး လူဝံငယ်လေးကို တိရစ္ဆာန်ချစ်သူပြည်သူများ၏ ဆန္ဒနှင့်အညီ အမည်ပေးနိုင်ရန် ဖေဖော်ဝါရီ ၂၄ ရက်တွင် အင်တာနက်မှ တစ်ဆင့် ထုတ်ပြန်ကြေညာထားသည်။**(ယာပုံ)*(ဓာတ်ပုံ-အင်တာနက်)*



# ဟောင်ကောင်လူဦးရေ၏ ၅ ဒသမ ၃ ရာခိုင်နှုန်း သန်းကြွယ်သူဌေးများဖြစ်

**ဟောင်ကောင်   ဖေဖော်ဝါရီ   ၂၅**

ဟောင်ကောင်ဒေသရှိ အရွယ်ရောက်ပြီး လူဦးရေ၏ ၅ ဒသမ ၃ ရာခိုင်နှုန်းသည် သန်းကြွယ်သူဌေးများ ဖြစ်နေကြကြောင်း စီတီဘင့်လေ့လာရေးစစ်တမ်းတစ်ခုအရ သိရှိရသည်။

ဟောင်ကောင်ဒေသရှိ လူ၂၇၄၀၀၀သည် ဟောင်ကောင်ဒေါ်လာ ငွေသားတစ်သန်းကျော် ပိုင်ဆိုင်ကြပြီး သန်းကြွယ်သူဌေးများ ဖြစ်နေကြသည်ဟု စတင်းဒတ် သတင်းစာက ဖော်ပြပါ စစ်တမ်းကို ကိုးကား၍ ဖော်ပြသည်။

ယင်းလူဦးရေသည် ဟောင်ကောင်ဒေသရှိ လူကြီး ၁၀၀ တွင် သန်းကြွယ်သူဌေး ငါးဦးရှိသည့် အဓိပ္ပာယ်ဖြစ်သည်ဟု သတင်းစာက ဖော်ပြသည်။

ပျမ်းမျှအားဖြင့် သန်းကြွယ်သူဌေးတစ်ဦးလျှင် ဟောင်ကောင်ဒေါ်လာငွေသား လေးသန်းခန့် ပိုင်ဆိုင်နေပြီး လွန်ခဲ့သည့်နှစ်က ဟောင်ကောင် ဒေါ်လာ ၃ ဒသမ ၄ သန်း ပိုင်ဆိုင်ခဲ့သည်ထက် မြင့်မားလာခဲ့သည်။

၄၉ ရာခိုင်နှုန်းသော သန်းကြွယ်သူဌေးများသည် ဟောင်ကောင်ကျွန်းပေါ်တွင် နေထိုင်ကြသူများဖြစ်သည်။ ယင်းကျွန်းပေါ်တွင် အစိုးရ၏ အဆောက်အအုံများနှင့် ကုမ္ပဏီရုံးများ အများအပြားတည်ရှိနေသည်။

ယင်းအချက်သည် အဆိုပါ ကျွန်းပေါ်ရှိ လူခုနစ်ဦးလျှင် တစ်ဦးသည် သန်းကြွယ်သူဌေးတစ်ဦးဖြစ်သည်ဆိုသည့် သဘောပင်ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***




# ဒိုင်နိုဆောသတ္တဝါများနှင့် ခေတ်ပြိုင်ရှင်သန်ခဲ့သော ရေနေနို့တိုက်သတ္တဝါရုပ်ကြွင်း ရှာဖွေတွေ့ရှိ

**လော့စ်အိန်ဂျယ်လိစ်   ဖေဖော်ဝါရီ   ၂၅**

**ကမ္ဘာဦးကာလ သတ္တဝါများကို လေ့လာနေကြသည့် သိပ္ပံပညာရှင်တစ်စုသည် ဒိုင်နိုဆောသတ္တဝါကြီးများနှင့် ခေတ်ပြိုင်ကာလအလယ်ပိုင်း ဂျူရာဆစ်ကပ်ကာလဆီက သက်ရှိထင်ရှားရှိခဲ့သော ဗီဘာဖျံနှင့်တူသည့် သတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို တရုတ်နိုင်ငံ၌တရုတ်နှင့် အမေရိကန်ပညာရှင်များက တွေ့ရှိခဲ့ကြောင်း သတင်းများက ဆိုသည်။**

ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားအရသိရသောထိုသတ္တဝါအသစ်၏ သိပ္ပံအမည်မှာ Castrocauda Instrasimilis ဖြစ်သည်။ ယင်းရေနေနို့တိုက်သတ္တဝါသည် ကမ္ဘာမြေပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၁၆၄ သန်းက ရှင်သန်ခဲ့သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြသည်။ ထိုသတ္တဝါ၏အကြောင်း လေ့လာတွေ့ရှိချက်များကို ဖေဖော်ဝါရီ ၂၄ ရက်နေ့ထုတ် ဆိုင်းယင့်သိပ္ပံဂျာနယ်တွင် ရေးသားတင်ပြထားသည်။

ထိုသတ္တဝါ၏ အမြီးတွင် အကြေးခွံများပါရှိပြီး ကိုယ်ခန္ဓာတွင် အမွေးအမင်များထူထပ်စွာပါရှိသည်။ ရေတွင် ကူးခတ်သွားလာနိုင်ရန် ဘဲခြေနှင့်တူသော ခြေထောက်လေးချောင်းပါရှိကာ ဖျံ၏သွားများနှင့် တူသော သွားများလည်းပါရှိသဖြင့် ငါးများကို ဖမ်းဆီးစားသောက်နိုင်သည်ဟု မှတ်ယူထားကြောင်း တရုတ်နိုင်ငံနန်ကျင်းတက္ကသိုလ်မှ ပါမောက္ခကွမ်ဂျီက ပြောကြားသည်။

ယင်းသတ္တဝါသည် ရေတွင် နေထိုင်သည့် အဦးဆုံးသော နို့တိုက်သတ္တဝါမျိုး ဖြစ်လိမ့်မည်ဟု ထိုသတ္တဝါအကြောင်းကို ပူးတွဲလေ့လာခဲ့သူ အမေရိကန် သဘာဝသမိုင်းပညာရှင် ဇီဆီလျူက ပြောကြားသည်။

ထိုအကောင်သည် ဂျူရာဆစ်ကပ်အတွင်း အသက်ရှင်နေထိုင်ခဲ့သော အကြီးဆုံး နို့တိုက်သတ္တဝါဖြစ်နိုင်ကြောင်း၊ အရွယ်အစားမှာ ဘဲတူဖျံတူတစ်ကောင်၏ အရွယ်မျှရှိနိုင်ကြောင်း သုတေသီများက ခန့်မှန်းခဲ့ကြသည်။

ယင်းသတ္တဝါ၏ အရှည်မှာ နှာဖျားမှ အမြီးအထိ ၄၂၅ မီလီမီတာရှည်လျားကာ အလေးချိန်သည် အနည်းဆုံး ဂရမ် ၅၀၀ မှ ၈၀၀ ခန့်အထိ ရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။ ယခုတွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းကြောင့် မူလကပညာရှင်များ ယူဆထားသည်ထက် နို့တိုက်သတ္တဝါများသည် ကမ္ဘာမြေပြင်ပေါ်တွင် နှစ်သန်း ၁၀၀ မျှစော၍ ရှင်သန်ခဲ့ကြောင်း သိရှိကြရပြီဖြစ်သည်။ ထိုတွေ့ရှိချက်ကြောင့် ယခုလက်ခံထားခဲ့သော ရှေးဦးသတ္တဝါများနှင့် နို့တိုက်သတ္တဝါများနှင့် သက်ဆိုင်သော အယူအဆ အများအပြားကိုပါ ပြင်ဆင်ကြရဖွယ်ရှိသည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**လွန်ခဲ့သည့် နှစ်ပေါင်း ၁၆၄ သန်းမှ ဒိုင်နိုဆောသတ္တဝါများနှင့် ခေတ်ပြိုင်ဖြစ်သည့် ဗီဘာဖျံနှင့် တူသော သတ္တဝါ၏ ရုပ်ပုံကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အသက်ရှည်စွာ အနာမဲ့ရေး ( ၁၃ )

"ဆရာ ရန်ကုန်ပြန်လက်ဆောင် ဘာစကားများကြားရ၊ ဘာအစားများ စားရမလဲဆိုပြီး ဝင်လာကြတာပါဆရာ"

"ရမှာပေါ့ဦးလေးတို့ရာ၊ ရန်ကုန်ကို သွားတုန်းကလဲ အညာလက်ဆောင်ဆိုပြီး တမာချဉ်ယူသွားတော့ ရန်ကုန်ကမိတ်ဆွေတွေ သဘောကျကြပါတယ်။ အခု ရန်ကုန်ပြန်လက်ဆောင်ဆိုပြီး ငါးပိရေကျိုယူလာတော့ ဦးလေးတို့ရဲ့ ဇနီးများကတော့ သဘောကျမှာ အမှန်ပါပဲ"

"အစားလက်ဆောင်တော့ဟုတ်ပါပြီဆရာရယ်၊ စကား လက်ဆောင်လေးများရှိရင် လက်ဆင့်ကမ်းပါဦး"

ဟုတ်ကဲ့ ဦးလေးချော ကျွန်တော့်ဆရာကြီးဆီသွားပြီး ကျန်းမာရေးသတင်းမေးတော့...။

"အေး-အစတုန်းကတော့ တယ်နေမကောင်းချင်ဘူး၊ မင်းတို့လာတော့ နေကောင်းသွားတာပေါ့ကွာတဲ့။ မင်းတို့ကို အရင်တစ်ခါ နပိုလီယံရဲ့ အင်္ဂလိပ်စာတစ်ကြောင်း လက်ဆောင်ပေးလိုက်တယ်။ အခုတစ်ခါတော့ နီတိဆရာရဲ့ စကားလက်ဆောင်ပေးလိုက်မယ်။ အဲဒါကို မှတ်မှတ်သားသား၊ ဆင်ဆင်ခြင်ခြင်နေထိုင်ရင် ဆွေစဉ်မျိုးဆက် ဂုဏ်မငယ်ဘူး၊ စိတ်ချမ်းသာမယ်။ စိတ်ချမ်းသာရင် ကိုယ်လဲ ကျန်းမာရောပေါ့ကွာတဲ့"

"ဟုတ်ကဲ့ ဘာတဲ့လဲဆရာ" ဦးလေးချောက စကားစအပြတ်မခံဘဲ မေးပါသည်။

"ဆရာကြီးက Money is the bottomless sea in which honour, sincerity, prestige and your principle can be drawn. မြန်မာလိုဆိုရင်တော့ ငွေဆိုတာ အဆုံးမရှိလောက်အောင် နက်ရှိုင်းတဲ့ ပင်လယ်ကြီးနဲ့တူတယ်တဲ့။ မိမိရဲ့ဂုဏ်သိက္ခာ၊ မိမိရဲ့ အဆင့် သိက္ခာ၊ မိမိရဲ့ရိုးသားဖြူစင်မှုနဲ့ မိမိလုပ်ထားတဲ့ စည်းမျဉ်းစည်းကမ်း တွေအားလုံး နစ်မြုပ်သွားစေနိုင်တယ်တဲ့။ ဒါတွေနစ်မြုပ်ကုန်ရင် မိမိ အတွက် ဘာကျန်တော့မလဲ။ ငွေဆိုတဲ့အရာတစ်ခုထဲနဲ့ မိမိစိတ်မပျော်ရွှင် နိုင်ဘူးတဲ့။ ငွေတောထဲမှာ ပိုပြီးချောက်ချား သွားမယ်။ ရူးတောင်သွားနိုင်တယ်။ ငွေသိပ်များရင် အန္တရာယ်ပေးတဲ့ ဖြစ်ရပ်တွေ တစ်ပုံကြီး ရှိတယ်"တဲ့။

"ကျွန်တော်က သိပ်များတဲ့ငွေတွေ ကြီးနိုင်ငယ်ညှဉ်းမဟုတ်ဘဲ ရလာရင်ကော ဆရာလို့ ပြန်မေးမိတယ်"

"ဆရာကြီးက ကိုယ့်လုပ်အားနဲ့ ထိုက်တန်သလောက်ပဲ ယူတာကောင်းပါတယ်။ အတုယူထိုက်တဲ့ ထုံးတစ်ခု ရှိတယ်။ အရှင်အာနန္ဒာ အပါအဝင် သာကီဝင်မင်းသားခြောက်ဦးတို့ မြတ်စွာဘုရားထံ ရဟန်းပြုဖို့ရန်အတွက် ခွင့်တောင်းတာ "အနုပိယနိဂုံး" သရက်ဥယျာဉ်တော်အတွင်းမှာလေ။ သူတို့ရဲ့ ကျွန်ယုံတော်ဖြစ်တဲ့ ဆတ္တာသည် ဥပါလိကို လက်ဝတ်လက်စား အကုန်ချွတ်ပေးပြီး "သင်ပြန်ပေတော့ ဒို့တော့ ရှင်ရဟန်းပြုလိုက်ပြီလို့သာ အကြောင်းကြားလိုက်ပေတော့"လို့ မှာလိုက်ကြတယ်။ ဒီအချိန်မှာ ဥပါလိက စဉ်းစားတယ်။ သာကီဝင် မင်းသားတွေက အမျိုးမာန်စိတ်ဓာတ် သိပ်အားကြီးတယ်။ ငါက ဒီလက်ဝတ်လက်စားတွေကို ယူပြီးတော့ ပြန်သွားခဲ့ရင် ငါ့အပေါ် မယုံသင်္ကာဖြစ်နိုင်တယ်။ အသက်တောင် အန္တရာယ်ရှိနိုင်တယ်။ ဒီလက်ဝတ်လက်စားတွေကို ငါမတပ်မက်ဘူး၊ မယူဘူးဆိုပြီး ဘုရားထံ ရဟန်းပြုခွင့်တောင်းတယ်။ ခုနစ်ဦးဖြစ်သွားတာပေါ့"

"ရတနာတွေကို မတွယ်တာဘဲ ရဟန်းပြုပါရစေ ခွင့်တောင်းတာနဲ့ ရာထူးချက်ချင်းတက်သွားတယ်တဲ့။ နောက်ဆုံးမှ ခွင့်တောင်းပေမယ့် သာကီဝင်မင်းသားခြောက်ပါးစလုံးက ငါတို့ရဲ့ ကျွန်ဖြစ်ခဲ့တဲ့ "ဥပါလိ"ကို နောက်မှရဟန်းပြုပေးမယ်ဆိုရင် ငါတို့ရဲ့ ယခင်စရိုက်အတိုင်း အပေါ်စီးက ဆက်ဆံနေမိမှာစိုးလို့ မာန်မာနတွေကို ချိုးနှိမ်တဲ့အနေနဲ့ "ဥပါလိ"ကို ပထမဦးဆုံး ရဟန်းပြုစေပြီး သူတို့(ခြောက်)ဦးစလုံးထက် ဝါကြီးစေခဲ့တယ်တဲ့။ **ငွေအရင်းခံတဲ့ လောဘကို သတ်နိုင်ရင် အသက်အန္တရာယ်လဲ မစိုးရိမ်ရဘူး၊ ကိုယ်စိတ်နှစ်ပါးချမ်းသာပြီး နိဗ္ဗာန်ချမ်းသာထိအောင် လှမ်းနိုင်တယ်ဆိုတာ နှလုံးသွင်းစမ်းပါတဲ့။** အခုလောလောဆယ်တော့ မတော်လောဘနဲ့ ညှစ်စားတဲ့ ငွေမျိုးကို ရှောင်ကွာတဲ့။ ကောင်းရောင်းကောင်းဝယ်ရလဲ ရသလောက်အချိုးကျ ပြန်လှူ၊ စွန့်၊ ကုသိုလ်ပြု။ ဗိုက်ထဲရောက်ထားတဲ့ အစားတောင် အပြင်ပြန်မထွက်ရင် နေရခက်တယ်" လို့ စိတ်ရှည်လက်ရှည်ရှင်းပြတယ်။

"မှတ်သားစရာပါပဲ ဆရာရေ။ ကျန်းမာရေးအပြင် လူကြီးလူငယ် အရွယ်မရွေးဆင်ခြင်သင့်တဲ့ လောကီလောကုတ်သတိချပ်စရာပါ။နောက် စားပြီးသားပြန်မစွန့်ရင်မကောင်းဘူးဆိုတာ သိပ်ဟုတ်တယ်ဆရာ"

"ကျွန်တော် တလောက သုံးရက်လောက် ကိုယ်လက်ကိုက်ပြီး ဖျားချင်သလိုလိုဖြစ်လို့ ယာဂုနဲ့ ကြက်စွပ်ပြုတ်ရည်လေးပဲ သောက်နေတာ။ အခုကောင်းသွားပေမယ့် ဝမ်းမသွားဘဲ ဗိုက်ထဲမှာ မအီမလယ် ခံစားနေရတယ်၊ ဘာလုပ်ရမလဲ ဆရာ"

## ဒေါက်တာ လွင်ကို

အသက်ကြီးသူများအတွက် ဝမ်းချုပ်ခြင်းဟာ ရောဂါတစ်ခုလိုဖြစ်နေတတ်ပါတယ်။ ဝမ်းမချုပ်အောင် –

(၁) အစားအစာကို သတိထား စားသင့်ပါတယ်။ စပျစ်သီး၊ သဖန်းသီး၊ သင်္ဘောသီး၊ သရက်သီး၊ ငှက်ပျောသီးတို့ဟာ ဝမ်းကို ပျော့စေပါတယ်။ အစိမ်းရောင်အသီးအရွက်များ(ကန်စွန်း၊ ကိုက်လံ)၊ ခရမ်းချဉ်၊ ပဲအမျိုးမျိုး၊ ဂျုံ၊ ပျားရည်တို့လဲ ဝမ်းပျော့စေပါတယ်။ အထူးသဖြင့် လိမ္မော်သီးအခွံပေါ်က အမျှင်ကလေးများနဲ့၊ ပန်းသီးကို အခွံပါစားရင် ဝမ်းပျော့ပြီး၊ ဝမ်းချုပ်ခြင်းကို ကာကွယ်ပါတယ်။ ပေါင်မုန့်ဖြူ၊ ကိတ်မုန့်၊ ဘီစကစ်၊ ဒိန်ခဲ၊ အသားများ၊ သကြားအဖြူနဲ့ သေချာကျက်အောင်ပြုတ်ထားတဲ့ ဥတွေစားရင်တော့ ဝမ်းချုပ်တတ် တာပေါ့"

"နံပါတ်(၂)ကတော့ အလေ့ကျင့်ပါပဲ။ အိပ်ရာထ မှန်မှန်ဝမ်းသွားတဲ့ အကျင့်လုပ်ပေးဖို့ လိုပါတယ်။ အကြောင်းကိစ္စရှိလို့ အောင့်ထားရာက အကျင့်ပျက်ပြီး ဝမ်းချုပ်သွားတတ်ပါတယ်။ ဒီလိုဆိုရင် အိပ်ရာထမှာ ရေနွေးနွေးတစ်ဖန်ခွက်ထဲမှာ ပျားရည်နှစ်ဇွန်းလောက် ထည့်ပြီး သောက်ရင် အဆင်ပြေသွားမှာပါ။ အစားအစာကို သိပ်နူးညံ့အောင် ချက်ပြီး ပြုပြင်လိုက်ရင် အာဟာရတန်ဖိုးပါ လျော့သွားတဲ့အပြင် ဝမ်းချုပ်စေတတ်ပါတယ်။ ရေသောက်တဲ့ အကျင့်လဲ အရေးကြီးပါတယ်။ အစာစားပြီးစ သိပ်မသောက်ဘဲ၊ အစားတစ်ခုနဲ့ တစ်ခုကြားမှာ ခပ်များများ သောက်တာ ကောင်းပါတယ်"

"နံပါတ်(၃) ကတော့ ဝမ်းမချုပ်အောင် ဗိုက်ကြွက်သားများ လေ့ကျင့်ခန်းလုပ်ပေးရတာပါ။ ကိုယ်လက်လှုပ်ရှားမှုအနေနဲ့ တစ်နေ့ တစ်မိုင်လောက် လမ်းလျှောက်ရင် လုံလောက်ပါတယ်။ လမ်းမလျှောက်နိုင်ရင်တော့ အိပ်ရာပေါ်မှာပဲ အသက်ပြင်းပြင်းရှူထုတ်ရင်း ဗိုက်ကြွက်သားများ လေ့ကျင့်ခန်း လုပ်ပေးသင့်ပါတယ်။ (Cold Sit bath)ဆိုတဲ့ ရေအေးထိုင်ပေးရင်လဲ ဝမ်းဗိုက်အောက်ပိုင်း ကြွက်သားများ အားကောင်းတတ်ပါတယ်။ (လိပ်ခေါင်းခွဲပြီး ရေနွေးထိုင်ပေးတာမျိုးပါ။) အဲဒီလို ထိုင်ရတာတောင် ခက်ခဲရင် နှစ်လက်မ သုံးလက်မထူတဲ့ ချည်အဝတ်တစ်ခုရေအေးဆွတ်ပြီး ဗိုက်ပေါ်မှာ ခေါက်တင်၊ခြောက်သွေ့တဲ့ အထိ ထားလိုက်တာဟာလဲ တစ်နည်းပါပဲ။ အစာသွားရာ လမ်းကြောင်း အတိုင်း လက်နဲ့ အသာနှိပ်ပေးတဲ့နည်းကိုလဲ သုံးလို့ရပါတယ်။ ဗိုက်ရဲ့ ညာဘက်အောက်ပိုင်းကနေ ဘေးတစ်လျှောက် အထက်ကို တွန်းတင်သွားပြီး ညာဘက်နံရိုးရောက်တော့ ဘယ်ဘက်နံရိုးဆီကို တွန်းနှိပ်၊ ဘယ်ဘက်နံရိုး အောက်ကနေ နံဘေးတစ်လျှောက် ဘယ်ဘက် အောက်ကို တွန်းဖိပေးခြင်းဖြင့်လဲ အစာလမ်းကြောင်းမှာရှိနေတဲ့ အစာအကြွင်းအကျန်တွေကို စအိုဝဆီတွန်းပို့ရာ ရောက်ပါတယ်"

"ဝမ်းချုပ်လို့ ဝမ်းနုတ်ဆေးစာရင်ကောဆရာ၊ ဘယ်ဆေးက ကောင်းလဲ"

"ဘယ်ဝမ်းနုတ်ဆေးမှ ပုံမှန်စားရင် မကောင်းပါဘူး၊ ကြာတော့ အူနံရံအမြှေးမှာရှိတဲ့ အမွေးငယ်(Micro-vallei) လေးတွေပျက်စီးပြီး ဝမ်းချုပ်ခြင်းအကျင့်ကို ဖြစ်စေတတ်ပါတယ်။ ရံဖန်ရံခါဆိုရင်တော့ ဆားခါးစားတာ ကောင်းပါတယ်။ နံနက် ၅နာရီလောက် ဆားခါး လက်ဖက်စားဇွန်း ခပ်မောက်မောက်ကို ရေနွေးနွေး လက်ဖက်ရည် တစ်ဖန်ခွက်နဲ့ သောက်လိုက်ရင် ခြောက်နာရီခြား ဝမ်းနှစ်ခါ လောက်သွားပြီး ဗိုက်ထဲ ရှင်းသွားတတ်ပါတယ် ဦးလေးချောရဲ့"

"အခါးဓာတ်ပါတဲ့ အသီးအရွက်များ စားရင်ကော ဝမ်းသက်တယ်မဟုတ်လား ဆရာ"

"ဟုတ်ပါတယ် ဦးလေးစံမောင်၊ အခါးဓာတ်က ဝမ်းချုပ်၊ ဝမ်းကျစ်၊ သလိပ်များ၊ ထုံကျဉ်နာများနဲ့ ဆီးချို၊ လေငန်းရောဂါများ အတွက် ကောင်းတယ်လို့ ယေဘုယျဆိုပါတယ်။ နောက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ သွေးတွေ လည်ပတ်စီးဆင်းဖို့ ကလာပ်စည်းတွေ စုပေါင်းလှုပ်ရှားဖို့ ဝါယောဆိုတဲ့ လေဓာတ်က ဦးဆောင်တယ်လို့ မြန်မာ့ဆေးပညာမှာ ပြဆိုထားပါတယ်။ ဒီလေဓာတ်ကိုဖြစ်စေတဲ့ အရသာကတော့ အခါးပါပဲ။ **အခါးအရသာရှိတဲ့ အစားအစာများကို ထပ်ခွဲလိုက်တော့ အေးခါး၊ ပူခါးဆိုပြီး ဖြစ်လာပါတယ်။ အေးခါးကတော့ ဝမ်းသက် စေတယ်ပေါ့။ ပူခါးကတော့ လေရဲ့ သဘောတရားအတိုင်း ခန္ဓာကိုယ် တစ်ခုလုံး တွန်းကန်ပျံ့နှံ့ပြီး နောက်ကြော၊ ဇက်ကြောတက်တဲ့ အဖြစ်မျိုး ခံစားရတတ်ပါတယ်"**

"အအေးခါး ဝမ်းသက်စေတဲ့ ဟင်းသီးဟင်းရွက်တွေကတော့ ခရမ်းကစော့၊ မြေခရမ်း၊ မဲဇလီဖူး၊ ချဉ်ပေါင်ခါး၊ မှတ်ခါး၊ ရှားစောင်း၊ ဇကေရာဇ်၊ ရှားစောင်းခါး၊ ဂန့်ဂလာ၊ ကျီးအာရွက်၊ သပွတ်သီး၊ ကြက်ဟင်းခါးသီး၊ ပုံလုံသီး၊ ပုံလုံရွက်၊ လယ်ပဒူတွေပေါ့၊ ဝမ်းသွားချင်ရင် အဲဒါတွေစားသင့်ပါတယ်"

"တမာ၊ တောရှောက်ရွက်၊ ခွေးတောက်ရွက်၊ သက်ရင်းကြီးရွက်၊ ကြိတ်မုန့်ရွက်၊ သင်္ဘောရွက်၊ ဂုံခါးရွက်၊ ပျဉ်းတော်သိမ်ရွက်၊ ဟင်းဂလာချဉ်၊ ဆင်တုံးမနွယ်တွေကတော့ ပူခါးမို့ ဝမ်းမသက်တဲ့အပြင် စားရင် နောက်ကြော၊ ဇက်ကြောတွေ တက်တတ်ပါတယ်။ အခါးလဲကြိုက် ဝမ်းလဲသက်နေရင်တော့ ဒါတွေစားသင့်တာပေါ့ ဦးလေးစံမောင်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ၊ အခုပြောတဲ့ ရန်ကုန်အပြန် စကား လက်ဆောင်တွေအတွက်ကော အစားလက်ဆောင် ငါးပိရေကျို အတွက်ပါ ကျေးဇူးကုဋေကုဋာပါ။" ။



**ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံ တည်ဆောက်ရေး၊ ထီးတော်ကြီး၊ကိုယ်လုံးတော်နှင့် အရံစေတီတော်များ ရွှေစင်၊ရွှေပြား မျက်ပါးရွှေသင်္ကန်းတော်ကပ်လှူရေးအတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် လှည်းတန်းလမ်းမှ ကွယ်လွန်သူ ဦးချစ်ကျော်အား ရည်စူး၍ ဒေါ်စန်းနှင့်သားသမီးတစ်စုတို့က ကိုးလက်မပတ်လည်ရွှေစင်၊ ရွှေပြား တစ်ကျပ်သား နှစ်ချပ်အတွက် ငွေကျပ်ငါးသိန်းကို ဂေါပကအဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)

## စာအောင်သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သတ္တမအကြိမ်မြို့နယ်လုံးဆိုင်ရာ သံဃာ့ဂိုဏ်းပေါင်းစုံ ဝိနယာဓိကစာပြန်၊ စာဖြေပွဲတွင် အောင်မြင်တော်မူကြသော စာအောင်သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က အောင်ဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသက ဩဝါဒကထာချီးမြှင့်တော်မူပြီး မြို့နယ်သာသနာရေးဦးစီးမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် စာပြန်ပွဲဖြစ်မြောက်ရေးကော်မတီတို့မှ တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး စာအောင်သံဃာတော်အပါး ၂၇၀ တို့အား အောင်လက်မှတ်နှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

**(အပေါ်ယာပုံ)** (က-ပ)



## မီးဘေးရှောင် မလောင်ခင်တား

## ပုသိမ်အသင်း(ရန်ကုန်) မြတ်မော်တင်ဘုရားဖူး

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ပုသိမ်အသင်း(ရန်ကုန်)မှကြီးမှူး၍ မတ် ၃ရက်နှင့် ၁၀ရက်တို့တွင် မြတ်မော်တင်ဘုရားဖူး ပို့ဆောင်ပေးမည်ဖြစ်ရာ လိုက်ပါလိုသူများသည် ပုသိမ်အသင်း(ရန်ကုန်) ဖုန်း-၃၇၉၂၅၈၊ဦးလေးတင့်(ဘဏ္ဍာရေးမှူး)ဖုန်း-၂၂၁၉၇၈၊ ၇၀၁၄၇၃နှင့် ဦးလှိုင်ဝင်းရှိန် ဖုန်း-၃၈၆၃၆၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)





## ကြည့်ရှုစစ်ဆေး

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)၏ ဒုတိယအဆင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(၁၉)

# ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အတွင်းရေးမှူးဦးတင်စိုးလိုက်ပါလျက် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)သို့ ရောက်ရှိလာရာ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းနှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံပြသကြသည်။**

ရှေးဦးစွာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အတွင်းရေးမှူး ဦးတင်စိုးတို့သည် ဒုတိယအဆင့်ရန်ကုန်မြို့တော်သို့ ရေဂါလန် ၄၅သန်းထပ်မံပေးနိုင်ရန်အတွက် အကြိုအနည်ထိုင်ကန် တည်ဆောက်ရန် စက်ယန္တရားများဖြင့် မြေသားတူးဖော်နေမှု၊ အနည်ထိုင်ကန် တည်ဆောက်ရန်ပိုက်ရိုက်နေမှု၊ ၁၄လက်မ ပတ်လည်နှင့် ပေ ၄၀ အရှည် ပိုင်လောင်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ မြို့တော်ဝန်နှင့် အဖွဲ့သည် ဒုတိယအဆင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီးနောက် ပထမအဆင့်ပြီးစီး၍ ရန်ကုန်မြို့တော်သို့ တစ်နေ့ ရေဂါလန် ၄၅သန်း ပေးဝေနေသည့် လုပ်ငန်းအဆင့်ဆင့်ကို ဆက်လက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်မြို့တော်ဝန်သည် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအားတွေ့ဆုံ၍ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊လုပ်ငန်းအလေအလွင့်မရှိရေး၊ လုပ်ငန်းများအားလုံး အရည်အသွေး စံချိန်စံညွှန်း ကောင်းမွန်ရေး၊ လုပ်ငန်းများကို ဆင့်ကဲဆင့်ကဲ တာဝန်ယူရေးမှာကြားသွားသည်။ ဆက်လက်၍ မြို့တော်ဝန်သည် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး အနီးလှေလှော်အင်းကျေးရွာ မြေနီကွင်း၊ ထန်းသုံးပင်စခန်း၌ ထုတ်လုပ်ရေးဌာနမှ မြေ ၂၆၆ ဧကတွင် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင် စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ကော်မတီဝင်ဦးညီညီ၊ ထုတ်လုပ်ရေးဌာန ဌာနမှူးဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက စိုက်ပျိုး ပျိုးထောင်နေမှုများကို လိုက်လံ ရှင်းလင်းပြသကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ခြံစည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်း မျှော်မှန်းထားသည့်အတိုင်း ဧကတစ်သောင်းပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

(၁၉)

## ကြေးမုံ အင်တာနက်သတင်းများ



**မလေးရှားနိုင်ငံသည် ကမ္ဘာ့ဆဲလ်လူလာဖုန်း ဈေးကွက်သို့ စတင်ထိုးဖောက် ဝင်ရောက်လျက်ရှိသည်။** *(ဓာတ်ပုံ-အင်တာနက်)*

# မလေးရှားနိုင်ငံက ပထမဆုံးတီထွင်ထုတ်လုပ်သော ပြည်တွင်းဖြစ် ဆဲလ်လူလာဖုန်း ဈေးကွက်တင်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၆

**မလေးရှားနိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းဖြစ် ဆဲလ်လူလာဖုန်းဈေးကွက်တင် ရောင်းချသည့် အခမ်းအနားကို မြို့တော်ကွာလာလမ်ပူတွင် သောကြာနေ့ကကျင်းပရာ ဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီ တက်ရောက်ချီးမြှင့်သည်။**

အမ်-၁၀ဟူ၍ အမည်ပေးထားသောဆဲလ်လူလာဖုန်းသည် လက်ကိုင်ဖုန်း ဈေးကွက်အတွင်း ရှိနေသည့် အခြားသော ဖုန်းများနှင့်အညီ စံချိန်စံညွှန်း ပြည့်မီသည့်အပြင် ဆွဲဆောင်မှုရှိရန် ထုတ်လုပ်ထားကြောင်း အမ်-မိုဘိုင်းဖုန်း ထုတ်လုပ်ရေးကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဇင်နူဒင်မော့ဆာလားက ပြောကြားသည်။

မိမိတို့၏မလေးရှားနိုင်ငံကိုကျွမ်းကျင်မှုပညာရှင်များပေါများသော နိုင်ငံအဖြစ်သို့ တည်ဆောက်ရာတွင် နည်းပညာကျွမ်းကျင်မှုရှိသော အလုပ်သမားများက စံချိန်စံညွှန်း ကိုက်ညီသော ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်ရန် လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

မိမိတို့ကုမ္ပဏီက ထုတ်လုပ်သော မိုဘိုင်းဖုန်းများကို ပင်လယ်ရပ်ခြား ဈေးကွက်များသို့ အဓိကတင်ပို့ရောင်းချမည်ဖြစ်ကြောင်း၊ အမ်-မိုဘိုင်းဖုန်း ထုတ်လုပ်ရေးကုမ္ပဏီသည် မကြာသေးမီက ဆော်ဒီအာရေဗျနိုင်ငံရှိ ရုပ်မြင်သံကြား ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုနှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယင်းသဘောတူညီချက်အရ လာမည့်ငါးနှစ်တာကာလတွင် မိုဘိုင်းဖုန်း အလုံးပေါင်းတစ်သန်းကို နှစ်စဉ် တင်ပို့ရောင်းချမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

***အင်တာနက်။***

# တိဘက်ဒေသတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းမြှင့်တင် ကမ္ဘာလှည့်ခရီးသည်များအတွက် အထူးရထားပြေးဆွဲမည်

လာဆာ ဖေဖော်ဝါရီ ၂၆

**တရုတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုဖြစ်သော တိဘက်ဒေသတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရန် ကမ္ဘာလှည့်ခရီးသည်များအတွက် အထူးရထားများကို လာမည့်ဇူလိုင်လမှစတင်၍ ပြေးဆွဲပေးတော့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။**

တိဘက်ဒေသရှိ ဆီးနှင်းဖုံးလွှမ်းနေသော တောင်တန်းကြီးများသည်လည်းကောင်း၊ ကုန်းမြင့်ဒေသ မြက်ခင်းပြင်ကြီးများသည်လည်းကောင်း၊စိတ်ဝင်စားဖွယ် အဆောက်အအုံများသည်လည်းကောင်း၊ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်သော သဘာဝအလှအပများဖြစ်သည်။ တရုတ်နိုင်ငံမြို့တော်ပေကျင်းမှ တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်လာဆာမြို့သို့ ၄၈ နာရီကြာခုတ်မောင်းသည့် ရထားခရီးစဉ်အတွင်း ကမ္ဘာလှည့်ခရီးသည်များသည် ရေမြေတောတောင် သဘာဝအလှအပများကို ကြည့်ရှုခံစားရင်း ခရီးသွားလာနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ကျင်ဟိုင်း-တိဘက် မီးရထားလမ်းဖောက်လုပ်ရေးစီမံကိန်း အကြီးအကဲ ဟွမ်ဒီဖူးက ပြောကြားသည်။

အခုလောလောဆယ်တွင်ကမ္ဘာလှည့်ခရီးသည်များသည် မြို့တော်ပေကျင်းမှ လာဆာသို့ ခရီးသွားရောက်လိုပါက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးယာဉ်များကိုသာ အသုံးပြုနေကြရသည်။ မြို့တော်ပေကျင်းမှ လာဆာမြို့သို့ အပြန်အလှန် ခုတ်မောင်းပေးမည့် အထူးရထားများ၏ တွဲများတွင် ဟိုတယ်များနည်းတူ ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း၊ဟိုတယ်ခန်းများနည်းတူရထားတွဲများတွင် အဆင့်အတန်းမြင့်မားသော ဝန်ဆောင်မှုများရရှိနိုင်စေရန် စီစဉ်ထားကြောင်း ဒီဖူးကပြောကြားသည်။

တောင်တန်းဒေသတွင် မြွေလိမ်မြွေကောက်သဖွယ် ရစ်ခွေတည်ရှိနေသော ကျင်ဟိုင်း-တိဘက် ရထားလမ်းသည် သစ်ပင်ပန်းမန်များဖြင့် ရှုမငြီးလှသည့် ကျေးလက်ဒေသမြင်ကွင်းများကို ထိတွေ့ခံစားနိုင်စေမည့် ခရီး စဉ်များအတွက် အရေးပါကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘာ့တတိယဝင်ရိုးစွန်းဟု တင်စားခေါ်ဝေါ်ခံရသောတိဘက်ကုန်းမြင့်ဒေသတွင် ကမ္ဘာလှည့်ခရီးသည်များအတွက် ရထားခရီးစဉ်များကို ပြေးဆွဲပေးခြင်းဖြင့် တရုတ်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

***အင်တာနက်။***




**ကျင်ဟိုင်း-တိဘက် ရထားလမ်းတွင် မီးရထားတစ်စင်း စမ်းသပ်ခုတ်မောင်းနေသည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

*** ရှေ့ဖုံးမှ**

ဌာန အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၇ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ ပြည်သူများအား စက်မှု(၁) ထုတ်ကုန်ပစ္စည်းများကို ဖေဖော်ဝါရီ ၂၄ရက် ညနေ ၅နာရီအထိ ငွေကျပ်သန်းပေါင်း ၄၆၈ ဒသမ ၆၃၆ သန်း ကျော်ဖိုး ရောင်းချရသည်။

ဆက်လက်၍ ဝန်ကြီးသည် ဖျော်ဖြေရေးစင်မြင့်၌ မြန်မာ့အထည်အလိပ်လုပ်ငန်း ပလိပ်ချည်မျှင်နှင့် အထည်စက်ရုံထုတ် ဆေးဆိုးပန်းရိုက်ထည်များကို ဝတ်ဆင်၍ သရုပ်ပြမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၂၅ရက်တွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းရှိ Foundry Shop သို့ ရောက်ရှိပြီး ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် Machine Shop အမှတ်(၁)သို့ ရောက်ရှိ၍ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကများ၊ ကုမ္ပဏီများမှ မှာကြားထားသည့် စက်အရန်ပစ္စည်းများ၊ အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်ပြီး စက်အရန်ပစ္စည်းများကို Lot No. များနှင့်တကွ မှတ်တမ်းများထားရှိရေး၊ စနစ်တကျပြခန်းများပြင်ဆင်၍ စက်ရုံထုတ် အရန်ပစ္စည်းများကို ထားရှိရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် Forging & Heat Treatment Shop သို့ ရောက်ရှိ၍ Heating Furnace စက်ဖြင့် သံထည်များ အပူပေးခြင်းလုပ်ငန်းများကိုလည်းကောင်း၊ I Ton Drop Hammer စက်ဖြင့် အပူပေးပြီး သံတုံးပုံထောင်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ Trimming Press စက်ဖြင့် ပုံထောင်းပြီး သံတုံးအား ဖိနှိပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မန္တလေး တော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက် သံရည်ကျို စက်ခုတ်စားစက်ရုံများ တည်ဆောက်ရေးရှင်းလင်းဆောင်၌ မန္တလေး တော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံရာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လက်ရှိစက်မှုဇုန်၏ ဆောင်ရွက်မှုအခြေအနေများသည် ယခင်ကထက် တိုးတက်မှုရှိလာ၍ ကျေနပ်မိကြောင်း၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိက အပ်နှံပစ္စည်းများကို အရည်အသွေးကောင်းမွန်ရေးအတွက် စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်အရန်ပစ္စည်းအမည်စုံ ထုတ်လုပ်သွားရေး တီထွင်ကြံဆ ကြိုးပမ်းသွားကြရန် တိုက်တွန်းသည်။

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့သည် မွန်းလွဲ ၂ နာရီတွင် မန္တလေး တက္ကသိုလ် အင်းဝဆောင်ခန်းမ(၉)၌ ကျင်းပသော နိုင်ငံခြားဘာသာ တက္ကသိုလ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

### အဆိုပြုလွှာပေး

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက အသင်းဝင်အဆိုပြုလွှာ ၁၁၅၇စောင်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းတို့က အမှာစကားအသီးသီးပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ယင်းနောက် အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ တိုင်းအသင်း အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ စည်းရုံးရေးဆိုင်ရာများနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)



**အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် ဂဏပါမောက္ခကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် ဂဏပါမောက္ခကျောင်းလမ်း လမ်းကော်မတီမှ ဦးအုန်းတင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

# တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း ကြက်ဆူပင်စိုက်ပျိုးပွဲတော် တက်ရောက် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ ပါဝင်စိုက်ပျိုးပေးပြီး ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း ပဒံကျေးရွာအနီးရှိ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၁၃၈ ဒသမ ၀၇ ဧက စိုက်ပျိုးပြီးစီးမှု၊ ၂၀၀၆ခုနှစ်အတွက် လျာထားဧက ၄၂၀၀၀ ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရာတွင် သတိပြုရမည့် အချက်များနှင့် စိုက်ပျိုးရေးနည်းပညာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏ စက်သုံးဆီ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းနိုင်မည့်အပြင် စိုက်ပျိုးသူ ပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် အလားအလာများနှင့် ရန်ကုန်တိုင်း၏ လျာထားဧကငါးသိန်း ပြည့်မီကျော်လွန်အောင် ကြိုးပမ်းစိုက်ပျိုးကြရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက ခရိုင်အတွင်းရှိ မြို့နယ်များနှင့်စက်မှုဇုန်များအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ ပေးအပ်သည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ အခမ်းအနားကို ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ တိုင်း၊ ခရိုင်နှင့်မြို့နယ် ရော်ဘာပင် ၅၀၀၀၀ ပျိုးဥယျာဉ် အတွင်းရှိ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင် ငါးဧက စိုက်ခင်း၌ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြသသည့် ခြံစည်းရိုးကြက်ဆူကိုင်းမှ အမြစ်ထွက်အားကောင်းစေရန် ဟိုမုန်းဆေးရည်စိမ်ခြင်း လက်တွေ့ပြသမှုကို လည်းကောင်း၊ ပျိုးပင်မျိုးစေ့ မျိုးကိုင်း၊ ကြိတ်ဖတ်၊ ကြက်ဆူဆီနှင့် ပညာပေးမှတ်တမ်း ဓာတ်ပုံများကို လည်းကောင်းကြည့်ရှုကြပြီး မျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဧည့်သည်တော်များသည် ခရိုင်ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်ကို ကြည့်ရှုကြပြီး ခြံစည်းရိုးကြက်ဆူပင်များ ပါဝင်စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် စိုက်ပျိုးပွဲ၌ ခရိုင်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ပြည်သူများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပျိုးပင် ၆၀၀၀၊ မျိုးစေ့ ၁၉၅၀၀နှင့် မျိုးကိုင်း ၉၇၅၀ ပျိုးထောင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ပျိုးပင် ၉၀၀၀၀ ကျော်

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းသို့ ရောက်ရှိလာပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြကာ ပျိုးခင်းအတွင်း ပျိုးပင် ၉၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် မျိုးစေ့နှင့် မျိုးကိုင်းများ ပျိုးထာင်နေမှုတို့ကို လိုက်လံကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန် ရွှေထွန်း၊ ရွှေသံလွင်၊ ရွှေသာယာနှင့် ၃၃၃ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များအတွင်း ကြက်ဆူဆီထည့်သွင်း၍ မောင်းနှင်ပြသမှုကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် တံတားဦးကျေးရွာအုပ်စုအနီးရှိ လယ်မြေဧက ၅၄၉ ဧကသို့ ရောက်ရှိလာပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ရေတင်လုပ်ငန်းဖြင့် လယ်မြေဧက ၁၅၀သို့ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးကာ ဒေသခံ တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ခနဲရုံကျေးရွာအုပ်စု၊ ကျောင်းကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် တစ်ဖက်ကမ်း လမုတန်းကျေးရွာအနီးရှိ လမုတန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ဧက ၆၀၀ သို့ ရောက်ရှိလာပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးက စီမံကိန်း အမြန်ပြီးစီးစေရန်နှင့် လျာထားဧက အတိုင်းစိုက်ပျိုးရေပေးဝေနိုင်ရန် စီမံဆောင်ရွက်ကြရေးမှာကြားပြီး လုပ်ငန်း



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှရွှေဝင်း ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ကျွန်းငူကျေးရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျွန်းငူလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ဧက ၆၀၀ သို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး စီမံကိန်းမှ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် မြစ်ကမ်းပါး တစ်လျှောက် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျ ပျက်စီးမှုမရှိစေရေးအတွက် ကျောက်စီရေလွှဲ၊ ရေကာတည်ဆောက်ရန် ပြင်ဆင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူး ဦးအုန်းဟန်က လုပ်ငန်းဆောင်ရွက်မည့် အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံရာ ရှေးဦးစွာ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသာနို့အောင်က မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက ထန်းတပင်မြို့နယ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ထန်းတပင်မြို့နယ် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ဒေသခံပြည်သူတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်၍ လူနေမှုဘဝမြင့်မားရေးတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**ထူးခြားသည့် ညအပူချိန်**

**(၂၆-၂-၂၀၀၆)**

**ပင်လောင်း**

၇ ဒီဂရီစင်တီဂရိတ်

**✻ သံလွင်တံတား(မော်လမြိုင်)မှ**

ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက တင်ပြချက်များအပေါ် အချိန်မီပြီးစီးရေး လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်ဘက်ကမ်း လုပ်ငန်းခွင်အတွင်း တိုင်အမှတ် (၃၆)နှင့် (၃၇)အကြား ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မများကို ဝန်ချီစက်ဖြင့်မ၍ အထိုင်ချ ဆောင်ရွက်နေမှု၊ တိုင်အမှတ်(၇၀)နှင့် (၇၁)အကြား ကြမ်းခင်းကွန်ကရစ် သွန်းလောင်းနေမှုနှင့် မြေထိန်းနံရံထိပ်၌ မြေဖို့ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

မီးရထားချဉ်းကပ်တံတားမှာ မော်လမြိုင်ဘက်ကမ်း ၆၄၈၁ ပေ၊ မုတ္တမဘက်ကမ်း ၇၄၉၈ ပေ၊ ပင်မတံတား ၇၆၉၉ ပေ အပါအဝင် စုစုပေါင်းအရှည်မှာ ၂၁၆၇၈ ပေဖြစ်ပြီး မီးရထားလမ်းအကျယ်မှာ လူသွားလမ်းနှစ်ဖက်အပါအဝင် ၁၆ ပေ ရှိ၍ ခွင့်ပြုမီးရထားဝန် အလေးချိန်မှာ IRS ၁၇ တန်ဖြစ်သည်။ (သတင်းစဉ်)

**❁ (၄၃)ကြိမ်မြောက်မှ**

ပုလဲဆပ်ကော်မတီ အသီးသီးကလည်းကောင်း၊ (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို စီမံရေးရာဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီများမှ တာဝန်ရှိသူများက လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၅ ရက်မှ ၂၄ ရက်အထိ ကျင်းပရန် အတည်ပြုကြသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ အထွေထွေပိုင်းတွင် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်အောင်မြင်မြင်ဖြင့် နိုင်ငံခြားငွေများ တိုးတက်မြင့်မားစွာ ရောင်းချနိုင်ရေးအတွက် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ရတနာပြပွဲ ဗဟိုကော်မတီဝင်များ၏ အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကိုဖြည့်ဆည်းမှာကြားပြီး (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ချောမောအောင်မြင်စွာ ကျင်းပရန်အတွက် ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ည ၈ နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**● တပ်မတော်နေ့မှ**

ရိုက်ကူးပြီး ပထမအကြိမ် ယှဉ်ပြိုင်ခဲ့ရာ ဆုရပြီးသူများအတန်းတွင် ဒုတိယရရှိခဲ့ကြောင်း။

ယခုနှစ် ဇန်နဝါရီလအတွင်း ပုဂံညောင်ဦး ခရီးစဉ်မှတစ်ဆင့် မန္တလေးမြို့သို့ရောက်ရှိခဲ့ပြီး ဧရာဝတီမြစ်ကူးတံတား(ရတနာပုံ)ကို ဒုတိယအကြိမ် တွေ့ရှိရပြန်ပါကြောင်း၊ တံတားကြီးမှာ မကြာမီပြီးစီးတော့မည့် အခြေ အနေဖြစ်၍ ဝမ်းသာပီတိစိတ် ဖြစ်ပေါ်ခဲ့ရာမှ တံတားကြီး၏အလှနှင့် ရွှေကြက်ယက် ရှုခင်းပသာဒကို စစ်ကိုင်းဘက်ကမ်းမှ ရိုက်ကူးပြီး ပေးပို့ယှဉ်ပြိုင်ခဲ့ရာ ပထမဆုဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း ကြေးမုံသို့ ပြောကြားသည်။ (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၂-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** (ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၈။ နတ်သားတောရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၂၅ ၇။ အတီးပြိုင်ပွဲ
- ၅:၃၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၄၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၅:၅၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၆၇)**
- ၆:၅၀ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၇:၃၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လှေကားထစ်လေးများ" (အပိုင်း-၄၂) (ဇာတ်သိမ်းပိုင်း)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ်နေ့ကလေးများ" (အပိုင်း-၁၃)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

# စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ သာကြီးတောင်/စပယ်ရေနံမြေ စစ်ဆေး

# ရေနံစိမ်းစည် ၄၂၀ ခန့်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၂၀ ခန့် နေ့စဉ် ထုတ်လုပ်နေ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် မကွေးတိုင်း ပေါက်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကြီးတောင်ရေနံမြေသို့ သွားရောက်စစ်ဆေးသည်။**

ဝန်ကြီးအား လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ရေနံမြေ အထွေထွေမန်နေဂျာ ဦးမြစိန်က သာကြီးတောင်ရေနံမြေ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ် (တူးဖော်ရေး) ဦးကျော်ဆွေက တွင်းသစ်အမှတ်(၄၃)ကို အောင်မြင်စွာ တူးဖော်ခဲ့မှု အခြေအနေနှင့် လက်ရှိ ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က သာကြီးတောင်/စပယ်ဒေသ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာများ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး ကြိုးစားဆောင်ရွက်သွားရန် တွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်တူးဖော်ခြင်းလုပ်ငန်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားပြီး ကုန်းတွင်းနှင့် ကမ်းလွန်မှ ထုတ်ယူသုံးစွဲနေသည့် သဘာဝဓာတ်ငွေ့ကို ကာလကြာရှည်စွာ ထုတ်ယူသုံးစွဲသွားနိုင်ရေး၊ ဆောင်ရွက်သွားရမည့် အစီအမံများကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေးအောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ပြီး တွင်းသစ်အမှတ် (၄၃) သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တွင်းသစ် အမှတ်(၄၃)မှ နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေ ၂ ဒသမ ၅ သန်းခန့်ကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း ပေါက်မြို့နယ်ရှိ စပယ်ရေနံမြေသို့ ရောက်ရှိလာရာ အထွေထွေမန်နေဂျာ ဦးမြစိန်က လျာထားချက်နှင့် ထုတ်လုပ်နေမှုအခြေအနေများ၊ စပယ်တွင်းသစ် အမှတ် (၁၈)ကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက သာကြီးတောင် / စပယ်ဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရေနံမြေအလိုက် ခြံစည်းရိုးကြက်ဆူပင်ကို စီမံကိန်းချမှတ်၍ စိုက်ပျိုးသွားကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တွင်းတူးဖော်ရေး အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တွင်းသစ်အမှတ် (၁၈)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စပယ်တွင်းသစ်အမှတ်(၁၈)မှနေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ ၁ ဒသမ ၅ သန်းခန့်ကို နေ့စဉ် ထုတ်လုပ်ပေး လျက်ရှိသည်။

ယခုအခါ သာကြီးတောင်/စပယ်ရေနံမြေမှ ရေနံစိမ်း စည်ပေါင်း ၄၂၀ခန့်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၂၀ ခန့်ကို နေ့စဉ်ထုတ်ပေးလျက်ရှိသည်။ (သတင်းစဉ်)





# မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းနောင်သည် စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုတို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဝိုးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

**မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပင်မ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ် တပ်မှူး ဗိုလ်မှူးကြီးဝင်းနောင်နှင့် စစ်ဆေးကြပ်မတ်ရေး ကော်မတီဝင်များ ရန်ကုန်မြို့၏ အချက်အခြာကျသော နေရာများ၌ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်ကို စစ်ဆေးကြပ်မတ်ကြစဉ်။**

(သတင်းစဉ်)

# မိုးနဲမြို့နယ်

## ကျောက်ချောလမ်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် မိုးနဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော မိုးနဲမြို့နယ် လွိုင်မြေရပ်ကွက်ရှိ သရဖီလမ်းကျောက်ချောလမ်း လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်း၊ ဒေသခံတပ်ရင်းမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်တို့က သရဖီလမ်းကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းသစ်ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သရဖီလမ်း ကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၄၀၀၊ အကျယ် ၁၁ ပေ ရှိသည်။ (သတင်းစဉ်)

# လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ

# အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ

(National Seminar on the Anti Trafficking in Persons Law)

၂၈-၂-၂၀၀၆ မှ ၁-၃-၂၀၀၆

ရန်ကုန်၊ ဆီဒိုးနားဟိုတယ်



**ထာဝရဆေးပဒေသာပင်လှူဒါန်း**

**ဒေါ်ခင်မမမိုးအား ရည်စူး၍ ရန်ကုန်မြို့ လသာမြို့နယ် စဉ့်အိုးတန်းလမ်းနေ ဦးကျော်မြင့်၊ သား ဇော်ရဲနိုင်၊ အော်စကာမောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။** (က-ပ)





## အမှာစကားပြောကြား

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျန်းမာရေး ပညာပေးသင်တန်း (၂/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားတွင် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၂၀ရက်က နှစ်ဖက်သော မိဘများအား အမှူးထား၍ အလှူရှင် မော်လမြိုင်မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဦးအောင်ထွန်းဦး-ဒေါ်လှလှမူ မိသားစုက ငွေကျပ် ၃၄၀၀၀၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၃၀၇)

# မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ကျန်းမာရေးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅)ရပ်ကွက်ရှိ မီးဘေးသင့်အိမ်ထောင်စုဝင် ရှစ်စုတို့အား လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များ၊ ထောက်ပံ့ငွေများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၀ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိ အောင်မြေဖေယျာပြည့်စုံမ္ဘာရုံ၌ကျင်းပရာ တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက မီးဘေးသင့်အိမ်ထောင်စုဝင်များအား ငွေကျပ် ၅၆၆၀၀၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။**

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျန်းမာရေးပညာပေးသင်တန်း(၂/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှ မြို့နယ် ကျန်းမာရေးအရာရှိ(တိုင်း)က မွေးစကလေးကျန်းမာရေး ယုယမွေးထွေး ပြုစုပေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနမှ ကျန်းမာပညာအရာရှိ လက်ထောက်ညွှန်ကြားရေးမှူးက သန့်လေးသန့်စီမံချက်နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပို့ချကြသည်။ (သတင်းစဉ်)

## ဒုတိယမြို့တော်ဝန် အခွန်လွတ်ဈေးများစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်နေ ပြည်သူများ ဈေးနှုန်းသက်သာ၍ သန့်ရှင်းလတ်ဆတ်စွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဈေးများဌာနက ဆောင်ရွက်လျက်ရှိသော ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ် ဈေးများသို့ သွားရောက်၍ တည်ခင်းရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)က လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးစစ်အေး(ငြိမ်း)သို့ စစ်မှုထမ်းဟောင်း သား၊ သမီးများအတွက် ၂၀၀၆ ခုနှစ် တက္ကသိုလ်၊ ကောလိပ် ပညာသင်ထောက်ပံ့ကြေးငွေများအား ပေးအပ်စဉ်။ (စည်ပင်)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းမှ ဒုတိယဗိုလ်မှူးကြီးဝေဖြိုးသိန်းအား ရည်စူး၍ ဒေါ်သူဇာဝင်း၊ သမီး မြတ်နိုးဝေ၊ သား မောင်သက်ဇော်၊ အန်တီမခင်မြ၊ ဘွားဘွားညွန့်မိသားစုက ငွေကျပ် ၁၁၂၄၀၀ ကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့် ကျောင်းစာကြည့်တိုက်အတွက် ဗီရိုတစ်လုံးလှူ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

စမ်းချောင်းမြို့နယ် အမက(၁)တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ရက်က ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးနှင့် ကျောင်းအုပ်ဆရာကြီး ဦးသန်းစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး**(အောက်ပုံ)** ကျောင်းစာကြည့်တိုက်တွင် အသုံးပြုရန် ဗီရိုတစ်လုံးကို ကျောင်းအကျိုးတော်ဆောင် အတွင်းရေးမှူး ဒေါ်ခင်ခင်ငြိမ်းက ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်း ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)



## နိုင်ငံခြားဘာသာ စကားပြောသင်တန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

သာသနာရေးဝန်ကြီးဌာန အပြည်ပြည် ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၌ နိုင်ငံခြားဘာသာ စကားပြော (ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ အင်္ဂလိပ်ဘာသာ) အခြေခံအဆင့်နှင့် အဆင့်မြင့်သင်တန်းများကို မတ်လမှ ဇွန်လအထိလေးလကြာ ညနေအချိန်ပိုင်း သင်တန်းများ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ အခြေခံအဆင့်အတွက် အခြေခံပညာအထက်တန်း(က)၊ (ခ) အဆင့်နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ၊ ဘွဲ့ရသူများသည် လည်းကောင်း၊ အဆင့်မြင့်သင်တန်းအတွက် ဤတက္ကသိုလ်မှ အခြေခံအဆင့် နိုင်ငံခြားဘာသာစကားပြောသင်တန်း အောင်မြင်သူများသည် လည်းကောင်း ရုံးချိန်အတွင်း ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖုန်း-၆၅၀၇၁၂ သို့ ဆက်သွယ် လျှောက်ထားနိုင်သည်။ (သတင်းစဉ်)

# လှည်းတန်းမီးပွိုင့်၌ ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်ဘက်သို့သွားသည့် လှိုင်သာယာ-နန်းသီတာပြေးဆွဲသော အမှတ်(၂၂၆)ခရီးသည်တင်အဲယားကွန်း ဘတ်စ်ကားနှင့် အင်းစိန်ဘက်ကွေ့ရန် မီးပွိုင့်စောင့်နေသော မြောက်ဥက္ကလာ-သီရိမင်္ဂလာဈေးပြေးဆွဲသည့် အမှတ်(၁၀၂)ခရီးသည်တင် ဒိုင်နာယာဉ်တို့ ယာဉ်တိုက်မှုဖြစ်ရပ် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀တွင် ရန်ကုန်မြို့ လှည်းတန်းမီးပွိုင့်၌ ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ယာဉ်မောင်းကျော်လင်းထွန်း မောင်းနှင်သော ခရီးသည်တင် အဲယားကွန်းဘတ်စ်ကား အမှတ်(၂၂၆) ၅ခ/၄၇၆၃ သည် လှည်းတန်းမီးပွိုင့်ကို ကျော်ဖြတ်ရန် အရှိန်ပြင်းစွာမောင်းနှင်လာစဉ် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လှည်းတန်းဈေးဘက်မှတက်လာပြီး လှည်းတန်းမီးပွိုင့်မီးနီရပ်တန့် စောင့်ဆိုင်းနေသော ခရီးသည်တင် အမှတ်(၁၀၂) ဒိုင်နာယာဉ် အမှတ် ၇က/၆၉၅၂ ၏ ဦးခေါင်းပိုင်းကို ဝင်တိုက်မိရာမှ ကက/၉၆၃၆ ကိုရိုလာဆလွန်းကားနှင့် သ/၅၆၈ တီကို အငှားယာဉ်တို့ကို ဆက်တိုက်မိသည်။

ယင်း ယာဉ်တိုက်မှုကြောင့် အမှတ်(၁၀၂)ဒိုင်နာယာဉ်ရှေ့လေကာမှန်ကွဲပြီး ယာဉ်ဦးခေါင်းပိုင်းပျက်စီးသွားကာ ယာဉ်မောင်းညီညီမှာ ပြင်းထန်စွာဒဏ်ရာရရှိသွားသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ထားရကြောင်းသိရသည်။

အမှတ်(၂၂၆)ခရီးသည်တင် အဲယားကွန်းဘတ်စ်ကားမှ မဆင်မခြင်မောင်းနှင်သော ယာဉ်မောင်းကျော်လင်းထွန်းမှာ ယာဉ်တိုက်မှုဖြစ်ပြီး ထွက်ပြေးသွားကြောင်း၊ ခရီးသည်တင်ယာဉ် နှစ်စီးမှ ခရီးသည်အချို့ ထိခိုက်ဒဏ်ရာ အနည်းငယ်သာ ရရှိကြကြောင်းနှင့် အဆိုပါယာဉ်တိုက်မှုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ယာဉ်မှုစစ်ဌာနစုက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၇-၂-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
**၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
**၄:၃၅** ၆။ မျိုးချစ်တပ်မတော်
**၄:၅၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
**၅:၄၅** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၁။ မိုးလေဝသသတင်း
**၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်ထုံးရယ်မပြယ် (အပိုင်း-၁၈)**
**၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မေးမြန်းစူးစမ်း
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တရားစီရင်ထုံး (အပိုင်း-၁၃)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

# ကားလင်းဖလား ဗိုလ်လုပွဲ မန်ယူဗိုလ်စွဲ

ရန်ကုန်　　ဖေဖော်ဝါရီ　၂၆

(၄၆)ကြိမ်မြောက် ကားလင်းဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ရက်က ဝေလပြည်နယ်၊ ကာဒစ်(ထောင်စုနှစ်)ကွင်းတွင် ကျင်းပခဲ့ရာ မန်ချက်စတာယူနိုက်တက်အသင်းက ဝီဂန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

### ခြောက်ကြိမ်ဆွတ်ခူး

မန်ချက်စတာ ယူနိုက်တက်အသင်းအတွက် ဝိန်းရွန်နေးက နှစ်ဂိုး၊ ဆာဟာနှင့် ရိုနယ်ဒိုတို့က တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။ မန်ချက်စတာ ယူနိုက်တက်အသင်းသည် ကားလင်းဖလားကြီးကို ၁၉၈၃၊ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄နှင့် ၂၀၀၃ တို့တွင် ဆွတ်ခူးရရှိခဲ့ရာ ယခုအကြိမ်သည် ခြောက်ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။ (ကြေးမုံ)

# မြန်မာလိဂ် အဆင့်မြင့်တန်းဘောလုံးပွဲ ကမ္ဘောဇနှင့်ပြည်ထဲရေးတို့ အနိုင်ရရှိ

ရန်ကုန်　　ဖေဖော်ဝါရီ　၂၆

**၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနှင့် ပြည်ထဲရေးအသင်းတို့ အနိုင်ရရှိသွားကြသည်။**

### သုဝဏ္ဏကွင်း

**ကမ္ဘောဇအသင်း　　လေးဂိုး**
(ရာဇာစိုးနှင့် ထွန်းမင်းဦး-နှစ်ဂိုးစီ)
**လယ်/ဆည်အသင်း　　ဂိုးမရှိ**
**ဒိုင်လူကြီး　　ဦးဝင်းထွန်း**

တန်းဆင်းဇုန်နားမှ လွတ်မြောက်ရေးအတွက် အမှတ်လိုနေသော လယ်/ဆည်အသင်းမှာ အနိုင်ရရှိရေး ကြိုးစားကစားခဲ့သော်လည်း ကွင်းဖွင့်ချန်ပီယံ ကမ္ဘောဇအသင်း၏ ခြေစွမ်းပြကစားနိုင်မှုကြောင့် ဂိုးပြတ် အရေးနိမ့်ခဲ့ရသည်။

### အသာစီးကစား

ကမ္ဘောဇအသင်းမှာ ပွဲအစအဆုံး လယ်/ဆည်အသင်းကို တစ်ဦးချင်းရော ကစားကွက်အရပါ အသာစီးမှကစားနိုင်ခဲ့ပြီး အဆုံးသတ်ဂိုးသွင်းမှုပါ သေချာခဲ့၍ ယခုကဲ့သို့ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်း၏ ယခုအနိုင်ပွဲသည် အမှတ်ပေးပွဲ၌ ပဉ္စမမြောက်နိုင်ပွဲ ဖြစ်လာခဲ့သည်။

နှစ်သင်းစလုံး နိုင်ပွဲလိုအပ်နေသော အသင်းများဖြစ်၍ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ကြသည်။ သို့သော် ကမ္ဘောဇအသင်းက အချိတ်အဆက်မိမိဖြင့် ကစားနိုင်သောကြောင့် ပိုမိုဖိကစားနိုင်ခဲ့သည်။ ကမ္ဘောဇအသင်းအတွက် အနိုင်ဂိုးများကို ၂၃ မိနစ်နှင့် ၂၇ မိနစ်တို့တွင် ရာဇာစိုးတစ်ဦးတည်းက နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ကမ္ဘောဇက နှစ်ဂိုးအသာဖြင့် အနိုင်ရနေသည်။

ကမ္ဘောဇအသင်းမှာ အနိုင်ရရှိနေသော်လည်း ဒုတိယပိုင်းတွင် တိုက်စစ်ကိုဖွင့်ကစားမြဲကစားခဲ့ရာ လယ်/ဆည်အသင်းခံစစ်ကိုသာ ဦးစားပေးကစားခဲ့ရသည်။ ကမ္ဘောဇအသင်းအတွက် တတိယဂိုးကို ၁၂ မိနစ်တွင် ပြည့်စုံအောင် ကန်တင်ပေးသော ဘောလုံးကို တိုက်စစ်မှူး ထွန်းမင်းဦးက နောက်ခံလူများကြားမှ လွတ်လွတ်ကျွတ်ကျွတ် ခေါင်းတိုက်သွင်းယူခဲ့သည်။ ဆက်တိုက်ဆိုသလိုပင် ကမ္ဘောဇအသင်းက ဖိကစားလာရာ ၃၈ မိနစ်တွင် ထွန်းမင်းဦးက စတုတ္ထအနိုင်ဂိုးကို သွင်းယူပေးခဲ့သဖြင့် ပွဲအပြီးတွင် ကမ္ဘောဇက လေးဂိုးပြတ်ဖြင့် အနိုင်ရသွားသည်။



ကမ္ဘောဇအသင်းမှာ ယနေ့ပွဲ အနိုင်ရရှိလိုက်၍ ၁၂ ပွဲကစား ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံး၊ ၁၂ ဂိုးသွင်း၊ ၁၅ ဂိုး၊ ၁၇မှတ်ဖြင့် သတ္တမနေရာမှ မြို့တော်စည်ပင်နှင့် ရမှတ်တူသော်လည်း ဂိုးကွာခြားချက်အရ ကမ္ဘောဇက အဋ္ဌမနေရာတွင်လည်းကောင်း၊ မြို့တော်စည်ပင်က သတ္တမနေရာတွင် လည်းကောင်း ရောက်ရှိနေသည်။ လယ်/ဆည်အသင်းမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ရှစ်ပွဲရှုံး၊ ၁၀ ဂိုးသွင်း၊ ၂၅ ဂိုးပေး၊ ၁၀ မှတ်၊ အဆင့် (၁၃)ဖြင့် တန်းဆင်းဇုန်နား ရောက်ရှိနေသည်။

**လယ်/ဆည်အသင်း၏ တိုက်စစ်ကို ကမ္ဘောဇနောက်တန်းမှ အေးဆန်းဖျက်ထုတ်ရန်ကြိုးစားစဉ်။** (ကြေးမုံ)



### အောင်ဆန်းကွင်း

**ပြည်ထဲရေး　　နှစ်ဂိုး**
**တပ်မတော်ကြည်း(က)　　ဂိုးမရှိ**

**ပြည်ထဲရေး တိုက်စစ်ကို တပ်မတော်ကြည်း(က) ဂိုးသမားကာကွယ်လိုက်စဉ်။** (ကြေးမုံ)

ပြည်ထဲရေးအသင်းမှာ ယနေ့ပွဲ အနိုင်ရလိုက်၍ နဝမနေရာမှ အဋ္ဌမနေရာအထိရောက်လာသည်။

ယနေ့ပွဲအပြီးတွင် ပြည်ထဲရေးက ငါးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံး၊ ၁၈ဂိုးသွင်း၊ ၂၁ဂိုးပေး၊ ၁၈မှတ်ဖြင့် ဆဋ္ဌမနေရာသို့ရောက်ရှိလာပြီး တပ်မတော်ကြည်း (က)အသင်းမှာ ၁၂ပွဲစလုံး ရှုံးနိမ့်ထားသဖြင့် ဇယားအောက်ဆုံးသို့ ရောက်ရှိနေသည်။

### ယနေ့ပွဲ

ညနေ ၃ နာရီခွဲ
**(သုဝဏ္ဏကွင်း)**
ဘဏ္ဍာ/အခွန် နှင့် ပို့ဆောင်ရေး။
**(အောင်ဆန်းကွင်း)**
မြို့တော်စည်ပင်နှင့် သစ်တောရေးရာ
(ကြေးမုံ)

## ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

# ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၇) ချယ်လ်ဆီးအနိုင်ရ၊ အာဆင်နယ်ရှုံးနိမ့်

လန်ဒန်　　ဖေဖော်ဝါရီ　၂၆

**အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၇)ကို စနေနေ့ကကျင်းပရာ ချယ်လ်ဆီးအသင်းက ပို့စ်မောက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ထိုစဉ်အတွင်း အာဆင်နယ်အသင်းက ဘလက်ဘန်းရိုဗာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်လိုက်ရာ လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိရန် မျှော်လင့်ချက်မှာ မှေးမှိန်သွားရသည်။**

### ဂိုးသွင်း

စတမ်းဖို့ဒ် ဘရစ်ဂျ်ကွင်းတွင် ကျင်းပသောပွဲ၌ ချယ်လ်ဆီးအသင်းအတွက် အခက်အခဲများကြားမှ ဂိုးသွင်းပေးနိုင်သူမှာ အင်္ဂလန်ကွင်းလယ်ကစားသမား ဖရန့်ခ်လမ်းပတ်ဖြစ်သည်။ ပွဲချိန် ၆၅ မိနစ်တွင် လမ်းပတ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ၁၃ မိနစ်အကြာတွင် ဒတ်ချ်လူမျိုး တောင်ပံကစားသမား အာဂျင်ရော်ဘင်က ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့သည်။



### ကြိုးစား

ချယ်လ်ဆီးအသင်းသည် အိမ်ရှင်အသင်းဖြစ်လင့်ကစား ယခုပွဲတွင် ကြိုးစားပမ်းစား ကစားခဲ့ရသည်။ ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဘာဆီလိုနာအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ၌ အရှုံးနှင့်ရင်ဆိုင်ရပြီးနောက် သုံးရက်မျှသာ ကြာမြင့်သေးချိန်တွင် ၎င်း၏ အိမ်ကွင်း၌ ပို့စ်မောက်အသင်းနှင့် ကစားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ယခုအခါ မန်ချက်စတာ ယူနိုက်တက်အသင်းထက် ၁၅ မှတ်အသာရရှိကာ အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။

**ဖေဖော်ဝါရီ ၂၅ရက်ကကျင်းပသော အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ပို့စ်မောက်အသင်းဘက်သို့ ထိုးဖောက်ကစားနေသော ချယ်လ်ဆီးအသင်းမှ ဖရန့်ခ်လမ်းပတ်ကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



### အရေးနိမ့်

ပြီးခဲ့သည့် အင်္ဂါနေ့က ရီးယဲလ်မဒရစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော အာဆင်နယ်အသင်းသည် အီဝုဒ်ပါ့ခ်ကွင်း၌ ကျင်းပသောပွဲတွင် ဘလက်ဘန်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**ဖေဖော်ဝါရီ ၂၅ရက်ကကျင်းပသော အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်အသင်းမှ အီမန်နျူယယ် အာဒီဘေယာ၏ခြေထောက်ထဲမှ ဘောလုံးကို ဘလက်ဘန်း အသင်းမှ လူးကပ်စ်နီးလ် ဖျက်ထုတ်စဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

### ယှဉ်ပြိုင်နေ

အာဆင်နယ်အသင်းသည် လာမည့်ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဝင်ရောက်ခွင့်ရရှိရန် လန်ဒန်မြောက်ပိုင်းသားများ၏ စပါးအသင်းနှင့် ယှဉ်ပြိုင်လျက်ရှိနေစဉ်တွင် ဘလက်ဘန်းအသင်းကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

### အနိုင်ရခဲ့

ဘာမင်ဂမ်စီးတီး အသင်းသည် ဆန်ဒါလန်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချာလ်တန်အသင်းနှင့် အက်စတွန်ဗီလာအသင်းတို့မှာ ဂိုးမရှိ သရေကစားခဲ့ကြသည်။ ဘာမင်ဂမ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို အီမိုင်းလ်ဟက်စကီးက သွင်းယူပေးခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

### လှူဒါန်း

**မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာနေ ကွယ်လွန်သူဆရာမကြီး ဒေါ်ငွေကြည်အား ရည်စူး၍ ဦးသောင်းဖေ မိသားစုက ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင် ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



## ပညာရေးစုံညီပွဲတော် ကျင်းပ

**မိုးညှင်း ဖေဖော်ဝါရီ ၁၆**

မိုးညှင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက အောင်ဆန်းခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ဒင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိန်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးမြင့်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးဒေါ်ခင်ဝယ်၊ ကျောင်းအုပ် ဆရာမကြီးဒေါ်ရီလေးခိုင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

### ချီးမြှင့်

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်ဒင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝယ်တို့က အမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီလေးခိုင်က တစ်နှစ်တာ ပညာရေးဝန်ဆောင်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပညာရည်ထူးချွန်သူများနှင့် အနုပညာ၊ အားကစားဆိုင်ရာတို့တွင် ထူးချွန်သူများအား ဆုများအသီးသီး ချီးမြှင့်ပေးကြသည်။ **(၄၇၉)**

**တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများကောင်းမွန်စေရေးအတွက်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက်က ရွှေဆံတော်ဘုရားလမ်းမကြီး လမ်းပေါက်များ ဖာထေးပြုပြင်ခြင်းလုပ်ငန်းခွင်တွင် အမှုဆောင်အရာရှိ ဦးမြလင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွန်းလွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



**နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် သံဖြူဇရပ်မြို့နယ် ကျုံကဒတ် ကျေးရွာပြည်တော်သာလမ်း ကျောက်စုဆောင်းခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့် အမှုဆောင်အရာရှိ ဦးတင်မောင်သန်းတို့ ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးသစ်ဖွင့်

**တာချီလိတ် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာလေမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က အသင်းရုံးရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးလွင်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရုံးသစ်ကို ခရိုင်ဥက္ကဋ္ဌနှင့် တာလေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်လတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်အလုပ်အမှုဆောင် ဦးမြင့်ဝင်းလှ၊ ဒေါ်တင်မေထွန်းနှင့် စေတနာရှင်အလှူရှင်များ လှူဒါန်းသည့် ပစ္စည်းများကို တာလေမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးသို့ ပေးအပ်သည်။

**(ခရိုင်ပြန်/ဆက်)**



## နာရေးကူညီမှုအသင်းသို့ ငွေလှူဒါန်း

**ပဲခူး ဖေဖော်ဝါရီ ၂၀**

ပဲခူးမြို့ ဉာဏဗလ ပရိယတ္တိစာသင်တိုက်ရှိ ဗိမာန်ရှင် နာရေးကူညီမှုအသင်းသို့ ကွယ်လွန်သူ မိဘနှစ်ပါးများဖြစ်ကြသော ဦးလင်ဂွမ်း၊ ဒေါ်ခင်သိန်းတို့အား ရည်စူး၍ ဖခင်ကြီး ဦးလင်ဂွမ်း (၁၆)နှစ်ပြည့်အတွက် ပဲခူးမြို့ ခရိုင်ဆောက်လုပ်ရေးမှ သမီးဖြစ်သူ ဒေါ်ဝင်းထွေးက အလှူငွေကျပ် တစ်သိန်းကို ဇန်နဝါရီ ၂၃ ရက်က လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မသင်္ဂီ ဒေါ်အေးမြင့်နှင့် ဘဏ္ဍာရေးမှူး သီဟ သုဓမ္မသင်္ဂီဒေါ်ညွန့်သန်းတို့က လက်ခံ ရယူခဲ့ကြသည်။

**(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)**





**နတ်တလင်းမြို့နယ်တွင် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဖောက်လုပ်လျက်ရှိရာ တောင်ညိုချောင်း တံတားပြီးစီးမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၂၀ ရက်က စစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

**ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ဖေဖော်ဝါရီ ၁၅ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝေတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



ကြေးမုံ

The Mirror

## မြို့နယ်သတင်းများ

## စွယ်တော် ကျေးလက် တံတားဖွင့်

**ပန်းတောင်း ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော စွယ်တော်ကျေးလက်တံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပသည်။

တံတားဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စွယ်တော် ကျေးလက်တံတားကို ရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

**(မြို့နယ်စည်ပင်)**

## ကိုယ့်အားကိုယ်ကိုး လူငယ်စာကြည့်တိုက်ဖွင့်

**စစ်တွေ ဖေဖော်ဝါရီ ၂၀**

ပုဏ္ဏားကျွန်းမြို့နယ် မြို့နယ်လုံးကျွတ် စာကြည့်တိုက် ဖွင့်ပွဲအထိမ်းအမှတ် ကိုယ့်အားကိုယ်ကိုးလူငယ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ပုဏ္ဏားကျွန်းမြို့ အလယ်စုရပ်ရှိ အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်ဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမောင်ကျော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

### လက်ခံရယူ

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်ဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမောင်ကျော်ဦးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စာအုပ်အလှူရှင်များက လှူဒါန်းသော သုတ၊ ရသ၊ စာအုပ်များကို လူငယ်စာကြည့်တိုက် ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက လက်ခံရယူသည်။ **(၂၆၄)**



**ဖေဖော်ဝါရီ ၁၃ ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများမှ ကြာကျုံးတော်လမ်း (ကတ္တရာလမ်း) အပိုင်း-၃ လမ်းခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးအောင်မောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## မီးငြှိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

**ရမည်းသင်း ဖေဖော်ဝါရီ ၁၅**

ရမည်းသင်းမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုနှင့် သရုပ်ပြပွဲကို ဇန်နဝါရီ ၉ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲညွန့်၊ ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်မူနှင့် ဝန်ထမ်းများအား မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြှိမ်းသတ်မှုကို ရှင်းလင်းပြောကြားပြီး ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်ကြသည်။ **(ခရိုင်ပြန်/ဆက်)**



### မီးငြှိမ်းသတ် သရုပ်ပြ

**လှည်းကူးမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းပြီး ဈေးသူ၊ ဈေးသားများအား ပညာပေးဟောပြောခြင်းနှင့် လက်တွေ့ မီးငြှိမ်းသတ် သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်ခင်အေးမြင့်ရီနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းတို့လက်တွေ့ သရုပ်ပြစဉ်။**

(မြို့နယ်စည်ပင်)

# သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း မီးရထားချဉ်းကပ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံလွင်တံတား(မော်လမြိုင်) **တည်ဆောက်ရေးစီမံကိန်းက တာဝန်ယူတည်ဆောက်လျက်ရှိသော မီးရထားချဉ်းကပ်တံတား တည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်းရုံး(မုတ္တမဘက်ကမ်း)သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ မုတ္တမဘက်ကမ်း မီးရထား ချဉ်းကပ်တံတား တည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာမှူး ဦးမျိုးဝင်းက မိမိတာဝန်ယူဆောင်ရွက်လျက်ရှိသော မုတ္တမဘက်ကမ်း၏ ဘိုးပိုင်အုတ်မြစ်လုပ်ငန်း၊ ပိုင်ထိပ်အုပ်၊ တံတားတိုင်၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ တင်ပြချက်များ အပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မုတ္တမဘက်ကမ်း လုပ်ငန်းခွင်သို့ သွားရောက်ပြီး ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မများ ထုတ်လုပ်နေမှု၊ ဝန်ချီစက်ကြီးများဖြင့် ရက်မများကို အထိုင်ချ ဆောင်ရွက်နေမှု၊ ဘိုးပိုင်တွင်းတူးစက်သုံးလုံးဖြင့် တစ်ပြိုင်နက် လုပ်ဆောင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သံလွင်တံတား မော်တော်ကားလမ်းပေါ်မှ ဖြတ်သန်း၍ မုတ္တမဘက်ကမ်း မီးရထားချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှုကို မီးရထားသံလမ်း စစ်ဆေးရေးကား ရထားငယ်ဖြင့် စစ်ဆေးပြီး မော်လမြိုင်ဘက်ကမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မီးရထားချဉ်းကပ်တံတား (မော်လမြိုင်ဘက်ကမ်း) တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်က တံတားလုပ်ငန်းများ

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

## ကြေးမုံ The Mirror — ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ ***တိုင်းရင်းသားပြည်သူများအနေဖြင့် အေးချမ်းတည်ငြိမ်မှုများနှင့်အတူ ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဆက်လက်တိုးပွားလာစေရန် ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။ နိုင်ငံတော် အစွန့်ရှည် တည်တံ့ခိုင်မြဲစေရေးအတွက် မိမိတို့ သားစဉ်မြေးဆက်တိုင်အောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။***

ခေါင်းကြီး (စာမျက်နှာ-၂)

☆ ***"အခါးအရသာရှိတဲ့ အစားအစာများကို ထပ်ခွဲလိုက်တော့ အေးခါး၊ ပူခါးဆိုပြီး ဖြစ်လာပါတယ်။ အေးခါးကတော့ ဝမ်းသက်စေတယ်ပေါ့၊ ပူခါးကတော့ လေရဲ့သဘောတရားအတိုင်း ခန္ဓာကိုယ်တစ်ခုလုံး တွန်းကန်ပျံ့နှံ့ပြီး နောက်ကြော၊ ဇက်ကြောတက်တဲ့အဖြစ်မျိုး ခံစားရတတ်ပါတယ်"***

ဒေါက်တာလွင်ကို၏ ***"အသက်ရှည်စွာအနာမဲ့ရေး(၁၃)"***

ဆောင်းပါး (စာမျက်နှာ-၆)





# (၄၃)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ ပထမအကြိမ်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပပြီးစီးခဲ့သော နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရောင်းချရရှိမှု အခြေအနေများ ပြန်လည်သုံးသပ်သည့် အစည်းအဝေးနှင့် ၂၀၀၆ ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

### တက်ရောက်

အစည်းအဝေးသို့ (၄၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပပြီးစီးခဲ့သော နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ရတနာပစ္စည်းများ ရောင်းချရမှု အခြေအနေနှင့် ၂၀၀၆ ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၃)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ တင်ပြရောင်းချရန် ကျောက်မျက်ရတနာ အတွဲများ ဖွဲ့စည်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကျောက်စိမ်း၊ ကျောက်မျက်၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

# တပ်မတော်နေ့ရောင်စုံဓာတ်ပုံပြိုင်ပွဲ ခေတ်မီဘက်စုံတည်ဆောက်ရေးဆုများရွေးချယ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

၂၀၀၆ခုနှစ် (၆၁) နှစ်မြောက် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် တပ်မတော်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံ ပြိုင်ပွဲ တွင် ပြိုင်ပွဲဝင် ဓာတ်ပုံများ အကဲဖြတ် စိစစ်ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီ က ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့်ဓာတ်ပုံ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဦးဆောင်သော စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များက ပြိုင်ပွဲဝင်ဓာတ်ပုံများကို စိစစ်ရွေးချယ်ခဲ့သည်။အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲ **ခေတ်မီဘက်စုံတည်ဆောက်ရေးကဏ္ဍ**တွင် ပြိုင်ပွဲဝင်ဓာတ်ပုံ ၉၃ ပုံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**"ခေတ်မီဘက်စုံတည်ဆောက်ရေး"** ပြိုင်ပွဲဝင် ဓာတ်ပုံများတွင် ဆုရရှိပြီးသူများအတန်း၌ ပထမ ညောင်ဦးဖိုးချို၊ ဒုတိယ ရွှေအင်းသား ခင်မောင်ဝင်း၊ အထူးဆုများတွင် အေကေမိုး(သတ္တဗေဒ)၊ ကိုစိန်ငွေး၊ ရွှေအင်းသား ခင်မောင်ဝင်းနှင့် ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်) တို့က ရရှိခဲ့ကြသည်။

ဆုရပြီးသူများ အတန်းတွင် ညောင်ဦးဖိုးချိုက ရေဝတီမြစ်ကူး တံတား(ရတနာပုံ)ဓာတ်ပုံဖြင့် ပထမ ရရှိခဲ့ရာ ဆုရရှိမှုနှင့်စပ်လျဉ်း၍ ၎င်းက ကြေးမုံသို့ရှင်းလင်းပြောကြားရာ၌ ယမန်နှစ်က တည်ဆောက်ဆဲ ရေဝတီမြစ်ကူးတံတား(ရတနာပုံ)ဓာတ်ပုံကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ●



**ရေဝတီတံတား(ရတနာပုံ)**

**ညောင်ဦး ဖိုးချို၏ ပထမဆုရရေဝတီတံတား(ရတနာပုံ) ဓာတ်ပုံကို တွေ့ရစဉ်။**